# ကောင်းသန့်

# သမီးလေးဖတ်ဖို့ (၃)



ကောင်းသန့်

# သမီးလေးဖတ်ဖို့ (၃)

ကောင်းသန့် စာပေ
အမှတ် ၁၄၇၊ ပ-ထပ်၊ ၃၇ လမ်း (လယ်)
ရန်ကုန်မြို့။ ☎- ၂၇၈၃၆၈

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

❖ ❖ ❖

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ**
**ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏**
**ဖောနကျသော တာဝန်ဖြစ်သည်။**

❖ ❖ ❖

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

❖ ❖ ❖

**ပုံနှိပ်မှတ်တမ်း**
စာမူခွင့်ပြုချက်၊ ၂၁၄/၂၀၀၀(၃)
မျက်နှာဖုံးခွင့်ပြုချက်၊ ၁၈၉/၂၀၀၀(၃)

| | |
|---|---|
| ထုတ်ဝေသူ | ဦးသန်းဆွေ (၀၁၄၇၃)<br>စစ်သည်တော်စာပေ<br>အမှတ် ၁၀၃၁၊ ဥယျာဉ်လမ်း၊<br>၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊<br>ရန်ကုန်။ |
| ပုံနှိပ်သူ | ဦးဝင်းလွင် (မြဲ-၀၅၃၆၆)<br>ရွှေဟသာပုံနှိပ်တိုက်<br>အမှတ် ၇၊ ဈေးလမ်း၊<br>ပုဇွန်တောင်မြို့နယ်။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ (၂၀၀၀ ပြည့်နှစ် ) |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | 400 |
| အဖုံးဒီဇိုင်း | ကင် (မ) |
| ဖလင် | မဟာမီဒီယာ |
| ကွန်ပျူတာစာစီ | ကိုတင်ထွန်း |
| စာအုပ်ချုပ် | စိန်ကြည် |
| ဖြန့်ချိရေး | ကောင်းသန့်စာပေ၊<br>အမှတ် ၁၄၇၊ ပ-ထပ်၊<br>၃၇ လမ်း (လယ်)၊<br>ရန်ကုန်။ ☎ ၂၇၈၃၆၈ |

ကျော်သန့် ... ၏

## ထုတ်ဝေပြီးသောစာအုပ်များ

၁။ အချစ်ဆုံးသို့ (ဒဿနစာစုများ)
ပထမအကြိမ်၊ ၁၉၉၆/ ဒုတိယအကြိမ်၊ ၁၉၉၉၊

၂။ အချစ်ဆုံးသို့ (ဒဿနသံစဉ်တိတ်ခွေ)
ပထမအကြိမ်၊ ၁၉၉၇

၃။ လွတ်မြောက်သွားသူ (ဘာသာပြန်ဝတ္ထုရှည်)
ပထမအကြိမ်၊ ၁၉၉၇/ ဒုတိယအကြိမ် ၁၉၉၉

၄။ ကောင်လေးကောင်မလေး (ဒဿနစာစုများ)
ပထမအကြိမ်၊ ၁၉၉၇/ ဒုတိယအကြိမ်၊ ၁၉၉၉

၅။ သမီးလေးဖတ်ဖို့ (ဒဿနစကားစုများ)
ပထမအကြိမ်၊ ၁၉၉၇/ ဒုတိယအကြိမ်၊ ၁၉၉၉

၆။ ဘုရားသခင်သည် (ဘာသာပြန်ဝတ္ထုတိုများ)
အမှန်တရားကိုသိတော်မူသည်နှင့်
အခြားဝတ္ထုတိုများ
ပထမအကြိမ်၊ ၁၉၉၇

၇။ ချစ်သူဖတ်ဖို့ (ဒဿနစကားစုများ)
ပထမအကြိမ်၊ ၁၉၉၈/ ဒုတိယအကြိမ်၊ ၁၉၉၉

၈။ တို့နှစ်ယောက် (ဒဿနဝတ္ထုသစ်)
ပထမအကြိမ်၊ ၁၉၉၉/ ဒုတိယအကြိမ်၊ ၂၀၀၀

၉။ သမီးလေးဖတ်ဖို့ (၂) (ဒဿနစကားစုများ)
ပထမအကြိမ်၊ ၁၉၉၉

၁၀။ ကော့ကေးဆပ်အကျဉ်းသား (ဘာသာပြန်ဝတ္ထုရှည်)
ပထမအကြိမ်၊ ၁၉၉၉

**၁၁။ ကောင်းသန့်မှတ်စု** (မှတ်စု)

ပထမအကြိမ်၊ ၁၉၉၉

**၁၂။ ချစ်သူ့အကြောင်း** (ရသစာစုများ)

ပထမအကြိမ်၊ ၁၉၉၉

**၁၃။ အိပ်မက်အလွမ်း** (ဘဝဒဿနဝတ္ထုရှည်)

ပထမအကြိမ်၊ ၁၉၉၉

**၁၄။ ဖေဖေ့လက်ဆောင်** (ဒဿနကဗျာရှည်)

ပထမအကြိမ်၊ ၁၉၉၉

**၁၅။ ကောင်းသန့်ဖေဒင်ဒိုင်ယာရီ** (ဒိုင်ယာရီ)

ပထမအကြိမ်၊ ၁၉၉၉

**၁၆။ သားဖေဖေ** (ဒဿနစကားစုများ)

ပထမအကြိမ်၊ ၂၀၀၀

**၁၇။ သူငယ်ချင်း** (ဒဿနစကားစုများ)

ပထမအကြိမ်၊ ၂၀၀၀

**၁၈။ သမီးလေးဖတ်ဖို့ (၃)** (ဒဿနစာစုများ)

ပထမအကြိမ်၊ ၂၀၀၀

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၁။ အချစ်ဘဝဒဿနများ (ဒဿနစာစုများ)

၂။ လူတွေဘာနဲ့နေ (ဘာသာပြန် ဝတ္ထုရှည်)

၃။ ချစ်တပည့်သို့ (ပညာပေးစာစုများ)

**သမီးလေးရေ ...**

'သိပ်ပျော်တာပဲ ဖေဖေ' ဆိုတဲ့ သမီးလေးစကားကို နားထဲမှာ ကြားယောင်နေမိတုန်းပဲ။ မနက်က LCCI Level (3) စာမေးပွဲကို ဘာသာစုံဂုဏ်ထူးနဲ့ အောင်တယ်ဆိုပြီး ဝမ်းသာလွန်းလို့ ဖေဖေ့ကို ဖက်နမ်းနေတာကိုလည်း ဖေဖေ မြင်ယောင်တုန်းပါပဲ။ ပျော်လွန်းလို့ သူငယ်ချင်းတွေဆီ တစ်ယောက်ပြီးတစ်ယောက် ဖုန်းဆက်နေတာကိုလည်း ဖေဖေ ပြန်မြင်နေမိတယ်။ သမီးရဲ့ ပျော်ရွှင်မှုတွေ ဖေဖေ့ဆီ ကူးစက်ပြီး ဖေဖေတောင်ပျော်နေမိတယ်။ **သမီးလေး ပျော်နေတာကိုပဲ အမြဲ မြင်ချင်နေပါတယ်။**

သမီး စာမေးပွဲ မဖြေရခင် စာတွေက ကျက်ရတာခက်လွန်းလို့ သမီးတော့ ရှုံးပြီလားမသိပါဘူးဆိုပြီး ဖေဖေကို ဖက်ငိုခဲ့တာတွေ၊ သမီးလေးကို ပွေ့ဖက် ချော့မော့ပြီး ရယ်စရာတွေ ပြော၊ ကာရာအိုကေ ဆိုခိုင်းပြီး စိတ်ကိုထွက်ပေါက်ပေးလိုက်ရတာတွေ သမီးမှတ်မိသေးလား။ စာမေးပွဲဖြေတော့လည်း ဖန်ပန်းအိုးထဲမှာ ပေါက်ပေါက်ထည့် ထီးဖြူမိုးပြီး ဖေဖေကိုယ်တိုင် ယတြာချေ ဓာတ်ဆင်ပေးခဲ့ရသေးတယ်။ သမီးလေး စိတ်ခွန်အား ရှိသွားအောင်လို့ပေါ့။

စာမေးပွဲ သွားဖြေတော့လည်း ဖေဖေကိုယ်တိုင် ကားငှားပြီး နေ့တိုင်းလိုက်ပို့ လိုက်ကြိုလုပ်ပေးခဲ့ပါတယ်။ စာမေးပွဲဖြေပြီး ပင်ပန်း ဆာလောင်နေတဲ့ သမီးလေးကို ကားပေါ်မှာ လိမ္မော်သီး၊ ပန်းသီးတွေကို အခွံနွှာကျွေးခဲ့တာလည်း ဖေဖေပဲပေါ့။ စာမေးပွဲခန်းက ထွက်လာမယ့် သမီးလေးကို ဝင်းတံခါးဝမှာ ရပ်စောင့်ပြီး သမီးလေး ဖြေနိုင်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ရင်ထိတ်ခဲ့ရတာလည်း ဒီအဖေပါပဲကွယ်။

အဲ့ဒီအဖေနဲ့ တစ်ရက်ပြည့်အောင်တောင် ဝမ်းသာကြည်နူးပျော်ရွှင်စွာ မနေဘဲ အမေ့အိမ်ကို တစ်ချိုးတည်း ပြန်ပြေးသွားတဲ့ သမီးလေးကို ဒီစာရေးနေရင်း ဖေဖေ သတိရ လွမ်းဆွတ် နေမိတာပေါ့။ သမီးလေးသာ ရှိနေရင် အဲ့ဒီနေ့မှာ အောင်ပွဲ အထိမ်းအမှတ်နဲ့ စားသောက်ဆိုင်တစ်ခုမှာ သမီးကို ဂုဏ်ပြုညစာ ကျွေးပြီး သမီးလိုချင်တာ ဝယ်ပေးဖို့ ဖေဖေ စိတ်ကူးထားခဲ့တာပါ။ အဖေ့ကို ချစ်သလို အမေကိုလည်း သိပ်ချစ်တဲ့သမီးလေးက သမီးရဲ့ ဝမ်းသာမှုတွေကို အမေ့ဆီပြန်ပြီး ဝေငှပေးချင်ဦးမှာပဲဆိုတဲ့ စာနာနားလည်စိတ်နဲ့ ဖေဖေရဲ့ စိတ်ကူးအလွမ်းတွေကို ဝမ်းထဲမှာပဲ မြိုသိပ်ခဲ့ရပါတယ်။

**ဒါပေမယ့် … ဖေဖေ့ဆန္ဒတွေ မပြည့်ဝခဲ့ရလို့ သမီးလေးကို မငြိုငြင်ရက်ပါဘူး ကွယ်။**

သမီးလေးဟာ အဖေနဲ့ အမေ ကွဲကွာသွားတဲ့အခါ အဖေကိုလည်း အပြစ်မတင် အမေ့ကိုလည်း အပြစ်မမြင်ဘဲ ဖြစ်လာတဲ့ဘဝမှာ အကောင်းဆုံး နေထိုင် ရင်ဆိုင်ပြီး

ခက်ခဲတဲ့ စာမေးပွဲကို ထူးချွန်အောင်မြင်အောင် ဖြေဆိုနိုင်ခဲ့တဲ့အတွက် သမီးလေးကို ဖေဖေ ချီးကျူး လေးစားဂုဏ်ယူပါတယ်။ **လူဆိုတာ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ်၊ သတ္တိရှိရှိနဲ့ ဘဝကို ရင်ဆိုင်ရမှာပဲ မဟုတ်လား။ ကိုယ့် ဘဝကိုယ် အားငယ်စိုးရွံ့ပြီး ကံဆိုးလိုက်တာဆိုတဲ့ အတွေးနဲ့ စိတ်ဆင်းရဲစွာ အသက်ရှင်နေထိုင်တဲ့ လူစားမျိုးထဲမှာ သမီး မပါတာ ဖေဖေ သိပ်ဝမ်းသာပါတယ်။ ကိုယ့်အားကိုယ်ကိုးပြီး ကြိုးစားရုန်းကန်ရဲတဲ့ သတ္တိ သမီးလေးမှာ ရှိနေပြီ။ အဲ့ဒီအသိ အဲ့ဒီသတ္တိတွေနဲ့ ကိုယ့်ဘဝခရီးကို မညည်းမညူဘဲ အောင်မြင်အောင် လျှောက်လှမ်းနိုင်လိမ့်မယ်လို့ ဖေဖေ ယုံကြည်ပါတယ်။** ဖေဖေကတော့ သမီးလေး လျှောက်မယ့်လမ်းမှာ မကြမ်းတမ်းအောင် အမြဲတမ်း ပန်းခင်းပေးထားမှာပါ။ ဖေဖေခင်းပေးထားတဲ့ ပန်းခင်းလမ်းပေါ်မှာ ပျော်ပျော်ရွှင်ရွှင် အောင်အောင်မြင်မြင် လျှောက်သွားနော်။ အောင်မြင်မှုတွေ တစ်ခုပြီးတစ်ခု ရပြီး သမီးလေး ခုန်ပေါက်ပျော်ရွှင်နေတာကိုပဲ ဖေဖေ အမြဲမြင်ချင်တယ်။ နောင်လည်း အခုလိုပဲ ပျော်ရွှင်နိုင်ပါစေလို့ ဖေဖေဆုတောင်း ပေးပါတယ်။ **သမီးလေး ပျော် ... ပါစေ။**

**သမီးလေးကို အနိုင်းမဲ့ ချစ်တဲ့**

**ဖေဖေ**

ကျောင်းသန့်

သမီး ...

**စကား စကား ပြောပါများ**
**စကားထဲက စာတိပြတဲ့။**
စကားတွေ အများကြီး ပြောတဲ့အခါ
ပြောတဲ့သူရဲ့ အကျင့် စရိုက်တွေဟာ
စကားထဲမှာ ပါလာ တတ်တယ်။
သူများပြောတဲ့ စကားကို
များများ နားထောင်ရင်
သူများ အကြောင်း များများသိမယ်။
ကိုယ်က များများ ပြောရင်လည်း
ကိုယ့် အကြောင်းတွေ
သူများ သိလိမ့်မယ်။
ဒီတော့ ...
**စကားကို နည်းနည်းပြော**
**များများ နားထောင်တတ်အောင်**
**သမီး ကြိုးစား လေ့ကျင့် ထားသင့်တယ်။**

ဖေဖေ

## ၂
**သမီး ...**

ဘာမှန်း မသိဘဲ
စွဲစွဲလန်းလန်း ဖြစ်နေတတ် တာဟာ
"အချစ်" ပဲ။
အဲ့ဒီ အချစ်ကြောင့် လူတွေဟာ
မလုပ်ရဲတာတွေ လုပ်ရဲလာတယ်။
မလုပ်သင့်တာတွေ လုပ်တယ်။
ဖြစ်သင့်တာနဲ့ ဖြစ်ချင်တာတွေကို
မခွဲခြားနိုင်ဘဲ လုပ်ချင်ရာ လုပ်ကြတယ်။
**တကယ်တော့ ... အချစ်ဟာ**
**ကလေးဆိုးနဲ့ တူတယ်။**
**သူ့ကို အလိုလိုက်မိရင်**
**အသက်အရွယ် မရွေး**
**ဒုက္ခပေးနိုင်တယ်။**
ဒါကြောင့် ...
အချစ်ရဲ့ သဘော သဘာဝကို
နားလည်အောင် ကြိုးစားပါ။
နေရာတကာ သူ့အလိုကို မလိုက်မိစေနဲ့။
**အချစ်ဆိုတာ ...**
**အလိုက် မသိတတ်တဲ့ ညှို့သည်ဆိုးနဲ့လည်း**
**တူချင် တူနေပြန်ရော ...။**
ဒါတွေကို ... သမီး သိနားလည် စေချင်တယ်။

**ဖေဖေ**

သမီးရယ် ...

ကေသရာဇာ ခြင်္သေ့မင်း
အမဲလိုက်လို့ ရလာတဲ့
နွားကြီး တစ်ကောင်ဟာ
အသီး အရွက်ကိုသာ စားတဲ့
ယုန်လေး တစ်ကောင် အတွက်တော့
အရေး စိုက်စရာ ဖြစ်မလာ စေပါဘူး။

ဖေဖေ

သမီးရေ ...

**သမီးဘဝအတွက်**
**အဖော်မွန် အဖော်ကောင်းကို**
**ရှာတော့မယ် ဆိုရင်**
**"ဆား" နဲ့ တူတဲ့ အဖော်ကောင်းကို ရှာနော်။**
ဆားဟာ ... သူ့ကို နည်းနည်းသုံးရင်
နည်းနည်း ငံ ပေးတယ်။
များများသုံးရင် များများ ငံ ပေးတယ်။
သူ့သဘောနဲ့ သူ ဘာမှ မလုပ်ဘူး။
သူကို အသုံးပြုတဲ့သူရဲ့ အလိုဆန္ဒကိုသာ
အမြဲလိုက်လျော ပေးတတ်တယ်။
ပြီးတော့ ... ဘယ်နေရာမဆို
သူ့ကို အားထား ရတယ်လေ။
"ဆား" နဲ့ တူတဲ့
အဖော်မွန် အဖော်ကောင်း ကို
သမီးလေး ရှာတွေ့ နိုင်ပါစေလို့
ဖေဖေ ဆုတောင်း ပေးမယ်နော်။

**ဖေဖေ**

သမီး ...

It is better to starve than beg.
တောင်းစားရတာ ထက် စာရင်
အငတ် နေတာက ပိုကောင်းပါသေးတယ် ...တဲ့
အဲ့ဒီလို သူများကို
အောက်ကျ မခံချင်တဲ့ စိတ်မွေးပါ
ဒါမှ သမီး ဘဝ တိုးတက်မှာပေါ့။

ဖေဖေ

သမီး …

ငွေကြေး စီးပွားနဲ့ ပတ်သက်လာရင်
သူငယ်ချင်း အချင်းချင်းလည်း
မညှာမတာ လုပ်ရက်တာမျိုး
လူ့လောကမှာ ရှိတတ်ပါတယ်။
အဲ့ဒီလိုမျိုး ့
သမီး ကြုံခဲ့ရင်
သည်းခံခွင့်လွှတ်ပြီး
မေ့ပစ်နိုင်အောင် ကြိုးစား စေချင်တယ်။
ငွေဆိုတာ
ပြန်ရှာလို့ ရပါတယ် သမီးရယ်။
သူငယ်ချင်း အချင်းချင်း
တန်ဖိုးထား နားလည်ယုံကြည်မှု
ချစ်ခင် လေးစားမှု ဆိုတာတွေ ကတော့
ပြန်ဝယ်လို့ မရတော့ ပါဘူး။
ဒီတော့ …
**ငွေနဲ့ ပတ်သက်ပြီး**
**သူငယ်ချင်း အချင်းချင်း**
**ဘယ်တော့မှ မိတ်မပျက် စေနဲ့နော်။**

•

သမီး ...

လူတစ်ယောက်ဟာ
မှန်ကန်စွာ ပြုမူ ပြောဆို
နေထိုင် ကျင့်ကြံ အားထုတ်
အလုပ် ကြိုးစား လုပ်ရင်
ကြီးပွား တိုးတက်မှုဟာ
ထိုသူ့ နောက်ကို အရိပ်ပမာ
လိုက်ပါ လာလိမ့်မယ်။
မယုံရင် ကိုယ်တိုင် လုပ်ကြည့်
အကျိုး ရှိကြောင်း သိလိမ့်မယ်။

ဖေဖေ

သမီး ...

လူတိုင်း လိုလို
အောင်မြင် ပျော်ရွှင်မှုကို
လိုချင် တတ်ကြတယ်။
ဒါပေမယ့် ...
အောင်မြင် ပျော်ရွှင်စေတဲ့ နည်းကိုတော့
သူတို့ မသိကြဘူး။
အောင်မြင် ချင်ရင်
အချိန်ကို ရွှေလို တန်ဖိုးထား။
ရိုးသား ကြိုးစားပြီး
ခွဲ လုံ့လ ဝီရိယရှိ။
စိတ်စေတနာ ကောင်းထားပြီး
အများနဲ့ အဆင်ပြေအောင်
ပေါင်းသင်းတတ်ပါစေ။
ပျော်ရွှင် ချင်ရင်တော့
အကောင်းမြင် စိတ်ထားပြီး
တရား ဓမ္မ နှလုံးသွင်း
အကုသိုလ် ကင်းပါစေ။

သမီး ...

ဘဝဆိုတာ ကြံချောင်း တစ်ချောင်း လိုပဲ။
စားကြည့်လေ ချိုလေလေတဲ့။
ကြံဆစ်တွေ ကတော့
ဘဝရဲ့ ဒုက္ခလေးတွေနဲ့ တူသတဲ့။
အဲ့ဒီ ဘဝဒုက္ခ ကြံဆစ်လေးတွေကို
ကျော်ဖြတ်ပြီး စားကြည့်တော့
ပိုပြီး ချိုမြိန်ပြန်သတဲ့။
"သမာဓိတရားရှင်" ဆိုတဲ့
တရုတ်ဇာတ်လမ်း တွဲထဲမှာ
အမှတ်မထင် ဖေဖေ ဖတ်လိုက်ရတယ်။
သဘောကျ နှစ်သက်တာနဲ့
သမီးလေးကို
ဖေဖေ လက်ဆင့်ကမ်း လိုက်တာပါကွယ်။
ဟုတ်တယ်နော် ...
ဘဝဆိုတာ ကြံချောင်း တစ်ချောင်းလိုပဲ။

ဖေဖေ

သမီးလေး …

ဘဝဆိုတာ
မီတာ ၁၀၀ ပြေးပွဲ မဟုတ်ဘူး။
မာရသွန် ပြိုင်ပွဲသာ ဖြစ်တယ်။
သက်လုံ ကောင်းပြီး
အမော ခံနိုင်တဲ့ သူတွေသာ
အောင်ပွဲ ခံလိမ့်မယ်။
အမောခံ သက်လုံကောင်းအောင်
ထပ်တလဲလဲ လေ့ကျင့်ထားဖို့
လိုလိမ့်မယ် ဆိုတာကို
သမီးလေး ကြိုသိပါကွယ်။

ဖေဖေ

သမီးရယ် ...

ဒုတိယနဲ့ တတိယဆိုတာ မရှိခဲ့ရင်
ပထမဆိုတာ ဘာအဓိပ္ပါယ် ရှိမှာလဲ။
ပထမဆိုတဲ့ သူ့အတွက်
ဒုတိယနဲ့ တတိယဆိုတဲ့ လူတွေက
ပါရမီ ဖြည့်ပေး နေကြရတာပါ။
သမီးလည်း
ပထမ မရမချင်း
အဖြည့်ခံ ဘဝနဲ့ နေရလိမ့်မယ်နော်။
အဲ့ဒီအခါမှာ ...
သဝန်တို ငြူငြင်စိတ် မရှိဘဲ
ကျေကျေနပ်နပ်နဲ့
ပါရမီ ဖြည့်ပေး နိုင်သူ ဖြစ်ပါစေ။

ဖေဖေ

သမီး ...

တစ်ချိန်ချိန် မှာတော့
ကိုယ့်ရဲ့ စားဝတ်နေရေး အတွက်
သမီးလေးလည်း
အသက်မွေးဝမ်းကျောင်းမှု တစ်ခုခု
ပြုလုပ် ရလိမ့်မယ်။
အဲဒီလို လုပ်ရတဲ့အခါ
**"ဒီအမျိုးသမီး အလုပ် သိပ်လုပ်တယ်**
**စေ့စပ် သေချာ တိကျတယ်။**
**တာဝန်ယူရဲတယ်။**
**အချိန်ကို လေးစားတယ်။**
**ဆက်ဆံရေး ပြေပြစ်တယ်။**
**ဘာမဆို ကတိတည်တယ်။**
**သူမ ပြောတဲ့ စကားတွေဟာ**
**စာချုပ်လိုပဲ နိုင်လုံ စိတ်ချရတယ်"** ဆိုတဲ့
**ယုံကြည်မှုမျိုး ရအောင် ကြိုးစားနော်။**
ကိုယ်နဲ့ ဆက်ဆံရတဲ့ သူတွေရဲ့
ဒီလို ယုံကြည်မှု မျိုးရပြီဆိုရင်
အခွင့်အရေးကောင်းတွေ ... သမီးဆီကို
အဆက်မပြတ် ရောက်လာလိမ့်မယ်။
ဒါတွေဟာ အောင်မြင်ကြီးပွားရေးရဲ့
သော့ချက်တွေပဲ ... သမီး ... ။

ဖေဖေ

သမီးလေး ...

စိုးရိမ်ပူပန် တတ်သူဟာ
ပစ္စည်း မမြင်ရခင်
ကြိုတင်ငွေ ပေးဝယ်ချင် သူနဲ့ တူတယ်။
ပစ္စည်းမြင်မှ
ဝယ်ချင်ရင် ဝယ်မယ်ဆိုတဲ့ အတွေးနဲ့
စိုးရိမ် ပူပန်မှုလေးတွေ
လျှော့လိုက်ပါလား ... ကွယ်။

ဖေဖေ

•

သမီး ...

အကျီလိုချင်တယ်ဆိုလို့
ဖေဖေ ကိုယ်တိုင်လိုက်ပြီး
သမီးစိတ်ကြိုက် ရှာလိုက်ကြတာ
စတိုးဆိုင် အတော်များများကို ရောက်ပေမယ့်
သမီး စိတ်ကြိုက် မတွေ့ခဲ့ဘူးနော်။
တစ်နှစ်ကြာကြာလောက် ဝတ်ရမယ့်
**အကျီ တစ်ထည်အတွက်**
**ဖေဖေတို့ အချိန်ကုန်**
**လှုပင်ပန်းခဲ့ရတာ သမီး မှတ်မိတယ်နော်။**
**တစ်သက်လုံး ပေါင်းရမယ့်**
**သမီးရဲ့ ဘဝကြင်ဖော်ကို**
**ရွေးချယ် ရှာဖွေမယ် ဆိုရင်တော့**
**စိတ်ကြိုက် မတွေ့မချင်း**
**အဲ့ဒီထက်ပိုပြီး အချိန်ပေး ရှာသင့်တယ်။**

**ဖေဖေ**

သမီး ...

သုံးလက်မလောက်သာ ရှည်တဲ့
လျှာတစ်ချောင်းက
လူတစ်ယောက်ကို
စိတ်ဆင်းရဲအောင် လုပ်နိုင်သလို
စိတ်ချမ်းသာအောင်လည်း
လုပ်နိုင်ပြန်သတဲ့။
ဖေဖေ ပိုင်တဲ့ လျှာ တစ်ချောင်းကိုတော့
သူများ စိတ်ချမ်းသာဖို့ အတွက်
အတတ်နိုင်ဆုံး အသုံးချမယ်လို့
စိတ်ပိုင်းဖြတ်ထားတယ်။
သမီးလေးရော ဖေဖေ့လို
ဆုံးဖြတ်ချက် ချလိုက်ပါလား။

ဖေဖေ

သမီး ...

တစ်ချို့က ပြောကြတယ်။
လူ လုပ်ရတာ ခက်တယ် တဲ့။
မှန်တယ် သမီး လူ လုပ်ရတာ ခက်တယ်။
လူဆိုတာ
ကိုယ်ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာကို
ခွဲခြား နားလည်ရတယ်။
လုပ်ချင်တာထက် လုပ်သင့်တာကို
ဦးစားပေး လုပ်ရတယ်။
ကျေးဇူးရှင် မိဘတွေနဲ့ ပတ်သက်လာရင်
သူတို့ ဆန္ဒကို ဦးစားပေး စဉ်းစားရတယ်။
ကိုယ့်ဆန္ဒကို ရှေ့တန်း မတင်ရဘူး။
ပြီးတော့ ...
စားဝတ်နေရေး အဆင်ပြေအောင်လည်း
ကြိုးစား ရုန်းကန်ရတယ်။
လူတွေနဲ့လည်း အဆင်ပြေအောင်
ပေါင်းသင်း ဆက်ဆံ ရသေးတယ်။
သေချာ တွေးကြည့်တော့ ခက်တယ်နော်။
**ဒါပေမယ့် သမီးရယ် ...**
**လူဆိုတာ အဲ့ဒီ အခက်အခဲတွေကို**
**အောင်မြင်အောင် ကျော်ဖြတ်သွားနိုင်သူပဲ**
**မဟုတ်လား။**

ဖေဖေ

သမီး ...

**နေထွက်ချိန်မှာ**
**အလင်းရောင်ကို ဟန့်တားထားလို့ မရသလို**
**နေဝင်ချိန်မှာလည်း**
**အလင်းရောင်ကို ဆွဲငင် ထားလို့ မရဘူး။**
သူ့သဘော သူဆောင်ပြီး ဖြစ်ပျက်နေတဲ့
သဘာဝ တရားတွေကို
သမီး စူးစမ်းလေ့လာ စေချင်တယ်။
သဘာဝ တရားကို နားလည်ရင်
အရာရာကို နားလည် သွားတာပါပဲ ...
သမီးရယ်။

**မေမေ**

သမီး ...

ဘဝဆိုတာ၊
ဝတ္ထုတစ်ပုဒ် ပါပဲ။
လူတွေဟာ အဲ့ဒီဝတ္ထုထဲက
ဇာတ်ကောင်တွေ ပဲပေါ့။
တစ်ချို့က ဇာတ်လိုက်မင်းသား မင်းသမီးနေရာ
တစ်ချို့က ဇာတ်ပို့နေရာ
တစ်ချို့က လူကြမ်းမင်းသား နေရာတွေမှာ
ကံဇာတ်ဆရာရဲ့ ဇာတ်ညွှန်းအတိုင်း
သရုပ်ဆောင် နေကြရတာယ်လေ။
လူတိုင်းလိုလို
ကိုယ့်အလိုကျ ကိုယ့်ဆန္ဒအတိုင်း
သရုပ်ဆောင်ခွင့်
ရကြတာမှ မဟုတ်တာ။

ဖေဖေ

သမီး ...

ဘဝတာ တိုတိုလေးမှာ
မေတ္တာ ရှိုရှိုလေးတွေကို
ဖေဖေ ဝေငှသွားချင်တယ်။
ဘယ်သူ့မဆို
ဖေဖေ့ မေတ္တာ ရှိုရှိုလေးတွေကို
လိုလားတယ်ဆိုရင်
သန့်သန့်စင်စင်နဲ့ ပေးလိုက်ချင်တယ်ကွယ်။
ဖေဖေရဲ့ မေတ္တာ စေတနာကို
သမီးလေးလိုပဲ
သူတို့ကိုလည်း ရစေချင်တယ်။
မေတ္တာဆိုတာ
ပေးလေလေ များလေလေပဲ မဟုတ်လား။
သမီး ... နားလည်မှာပါနော်။

ဖေဖေ

သမီး ...

**ဘတ်စ်ကား စီးတဲ့အခါ**
**ဆေးတစ်ဖြုတ်လေး ထိုင်ရတဲ့**
**ယာယီ နေရာလေး တစ်ခုတောင်**
**အတင်း လုထိုင်ကြတဲ့ လူတွေကို**
**သမီးတွေ့မြင် ဖူးမှာပါ။**
ကားက ကြပ်တော့ မတ်တပ်ရပ်ရမယ့် ဒုက္ခကို
သူတို့ မခံနိုင်ကြလို့ ဖြစ်မှာပေါ့။
ပုထုဇဉ်ပီပီ သူဦး ကိုယ်ဦး
လုထိုင်ကြတာ မဆန်းပါဘူးကွယ်။
ဒါပေမယ့် ...
ကိုယ်တန်ဖိုးထား လေးစား ငဲ့ညှာရမယ့်
ရဟန်း သံဃာ တွေ
ဘိုး ဘွား အရွယ်တွေ
လူမမာ၊ ကိုယ်ဝန်ဆောင်၊
ကလေးငယ်လေးတွေနဲ့ ကြုံရင်တော့
သူတို့ကို ဦးစားပေး သင့်တာပေါ့။
အဲဒီ အခြေအနေမျိုး သမီးကြုံရင်
ဖေဖေ ဘာဖြစ်စေချင်တယ် ဆိုတာ
သမီး သိပါကွယ်။

ဖေဖေ

သမီး ...

ဆင်သွားရင် လမ်း ဖြစ်သတဲ့။
ငယ်ငယ်တုန်းက ဖေဖေ ဖတ်ခဲ့ဖူးတယ်။
ကြီးပြင်းလာတော့ ဖေဖေ စဉ်းစားကြည့်တယ်။
**ဆင်သွားလို့ ဖြစ်လာတဲ့ လမ်းဟာ**
**ဖြောင့်တန်း ကောင်းမွန်တဲ့**
**လမ်းမှန် တစ်ခု မဟုတ်ခဲ့ရင်တော့**
**ဆင်သွားတဲ့နောက်**
**တစ်ကောက်ကောက် မလိုက်သင့်ဘူးပေါ့။**
**လမ်းမှား ရောက်မှာ စိုးလို့ပါ။**

**ဖေဖေ**

သမီး ...

ပင့်ကူက သေမှ
အိမ်ဆောက်တာ ရပ်တယ်။
ဖယောင်းတိုင်က
မီးစာကုန်မှ
ဖယောင်းရည် ခမ်းတယ်။
အဲဒီလိုပဲ
လူဆိုတာလည်း
သေမှ ကြိုးစားမှုကို ရပ်ရတယ်။
မသေမချင်း
ကြိုးစားနေရမှာပဲ သမီး။

ဖေဖေ

သမီး ...

တောသုံး တောင်ကို အစိုးရတဲ့
ကေသရာဇာ ခြင်္သေ့မင်း ဆိုတာ
ကြွက်ဖမ်းဖို့မှ မဟုတ်တာ။
မဆီမဆိုင်
ကြွက်သွား ဖမ်းနေမယ် ဆိုရင်တော့
အမြင်မတော်ဘူးပေါ့ သမီးရယ်။
အများတကာ ကြည့်လို့
အမြင်မတော်ဘူး ထင်တာမျိုးကို
သမီး ... မလုပ်မိစေနဲ့နော်။

ဖေဖေ

•

သမီး ...

ကောင်းတာပဲ လုပ်လုပ်
ဆိုးတာပဲ လုပ်လုပ်
ဘယ်သူမှ မသိပေမယ့်
ကိုယ့်ကို ကိုယ်တော့ သိပါတယ်။
ဘာပဲ လုပ်လုပ်
ကိုယ့်လိပ်ပြာ ကိုယ်သန့်ဖို့တော့ လိုတယ်။
လိပ်ပြာ မသန့်မယ့် အလုပ်မျိုးကိုတော့
မလုပ်မိစေနဲ့နော်။

ဖေဖေ

သမီး ...

လောကမှာ လူတွေဟာ
တစ်ဦးနဲ့တစ်ဦး အပြန်အလှန်
ကျေးဇူးပြု နေကြတာ ချည်းပါပဲ။
ဥပမာ ဖေဖေပြောမယ်။
အိမ်ရှင်က အိမ်ငှားအပေါ်
အိမ်ခန်း ငှားလိုက်တဲ့အတွက်
ကျေးဇူးရှိတာပေါ့။
ဒါပေမယ့် အိမ်ရှင်ကလည်း အိမ်ငှားဆီကရတဲ့
ငှားရမ်းခနဲ့ ထမင်းပြန်စားရတော့
အိမ်ငှားရဲ့ ကျေးဇူးလည်း
သူ့မှာ ပြန်ရှိတာပဲ။
ဒါကြောင့် သမီးလေးက
အိမ်ရှင်နေရာ ရောက်နေရင်
ငါက သူ့ကျေးဇူးရှင်ဆိုပြီး
တစ်ဖက်သတ် မယူဆသင့်သလို
အိမ်ငှား နေရာရောက် ခဲ့ရင်လည်း
အိမ်ရှင်ကို ထိုက်သင့်သလို ကျေးဇူးတင်ပါ။
ဆပ်မကုန်နိုင်တဲ့ ကျေးဇူးရှင်ကြီးလိုတော့
ထင်မြင် မနေနဲ့နော်။
တစ်ဦးနဲ့တစ်ဦး အပြန်အလှန်
ကျေးဇူးပြုနေတာပဲ ဆိုတာ
သမီး ... သဘောပေါက်။

ဖေဖေ

**သမီး ...**

လောကကြီးမှာ
ဒုက္ခရောက်နေတဲ့ သူတွေက
အများကြီးပါကွယ်။
ဒါကြောင့် ...
တစ်ဦးကို မကူညီနိုင်ပေမယ့်
တစ်ဦးကိုတော့ ကူညီနိုင်ပါတယ်။
**ကိုယ် ကူညီနိုင်တဲ့သူကို**
**ကိုယ် တတ်စွမ်းသရွေ့**
**ကူညီစေချင်တယ်။**

**ဖေဖေ**

သမီး ...

စေတနာထား
စကားများ
အမှား ပါတတ်တယ်။
ဒါကြောင့် ...
ဘာကိစ္စပဲ ဖြစ်ဖြစ်
စေတနာတွေ သိပ်ထားပြီး
စကားတွေ သိပ်မများစေနဲ့နော်
အမှားပါသွားမှာ စိုးလို့ပါကွယ်။

ဖေဖေ

သမီး ...

ဆိုနဲ့ ရေ ဟာ မတူဘူး။
ဆီ ဟာ ဆီ
ရေ ဟာ ရေပဲ။
ဂုဏ်သတ္တိခြင်း ခြားနားတယ်။
မတူမှန်း သိသိချည်းနဲ့
အရည်ချင်းတော့ အတူတူပါပဲဆိုပြီး
သူများ အကြိုက်
လိုက် မပြောစေချင်ဘူး။
ကိုယ်မှန်တယ် ထင်တာကို
ပြောရဲ ဆိုရဲတဲ့ သတ္တိ
သမီးမှာ ... ရှိနေစေချင်တယ်။

ဖေဖေ

သမီး ...

ပတ္တမြား ကျောက်စီဓားနဲ့
သား ငါး လှီးနေလို့ကတော့
အမြင်မတော်ပါဘူး သမီးရယ်။
ဘာမဆို
သူ့နေရာနဲ့ သူ
အံဝင်အောင် အသုံးချတတ်မှ
ဟန်ကျတာ ... သမီးရဲ့။

မေမေ

သမီး ...

နံနက်တိုင်းလိုလို
ခိုလေးတွေ စာကလေးတွေကို
ဖေဖေ အစာကျွေးလေ့ရှိတယ်။
တစ်ခါတစ်ရံ ဖေဖေက
ညနက်နက် စာရေးမိလို့
စောစော မထဖြစ်ဘဲ
အစာကျွေးဖို့
နောက်ကျသွားခဲ့ရင်
ဝရံတာမှာ လာနားပြီး
အစာ တောင်းကျတယ်ကွယ်။
သူတို့လေးတွေကို အစာကျွေးရတာ
သိပ် ပီတိဖြစ်ဖို့ ကောင်းတာပဲ။
**အဲဒီအချိန်မှာ ဖေဖေ့စိတ်တွေဟာ**
**လောဘ ဒေါသ မာန်မာနတွေ ကင်းစင်ပြီး**
**ကြည်[illegible]သန့် ငြိမ်းချမ်းနေတယ်လို့ ထင်တယ်။**
**အဲဒီလို ပီတိမျိုး**
**ကြည်လင် ငြိမ်းချမ်းမှုမျိုး**
**သမီးလေးကိုလည်း ရစေချင်လိုက်တာ။**

**ဖေဖေ**

သမီး ...

**မိန်းကလေး တစ်ယောက်ရဲ့ တန်ဖိုးဟာ**
**အိန္ဒြေ သိက္ခာပဲ။**
**အိန္ဒြေ သိက္ခာ ကင်းမဲ့သွားရင်**
**တန်ဖိုးလည်း မဲ့ သွားတာပါပဲကွယ်။**
အဲ့ဒီ အိန္ဒြေ သိက္ခာကို
ဒေါ်လာနဲ့ပဲ ဖြစ်ဖြစ်
တိုက်တွေ ကားတွေနဲ့ပဲ ဖြစ်ဖြစ်
နိုင်ငံခြား သွားရမယ်ဆိုတဲ့
အခွင့်အရေးနဲ့ပဲ ဖြစ်ဖြစ်
အလဲအထပ် အရောင်းအဝယ်
လုပ် မပစ်လိုက်နဲ့နော်။
အိန္ဒြေ သိက္ခာဆိုတာ
အဲ့ဒီ ပစ္စည်း အခွင့်အရေးတွေထက်
ပိုပြီး တန်ဖိုး မြင့်ပါတယ်။
ဒါကြောင့် ...
**အိန္ဒြေ သိက္ခာဆိုတဲ့ ရွှေခွက်ကို**
**ပစ္စည်း အခွင့်အရေးဆိုတဲ့**
**ပလပ်စတစ် ခွက်တွေနဲ့**
**မှားလဲမိမှာ စိုးလို့**
**ကြို ... သတိပေးတာပါကွယ်။**

ဖေဖေ

**သမီး ...**

Money makes everything.
ငွေဟာ အရာရာကို ဖန်တီးနိုင်သတဲ့။
ဟုတ် မဟုတ်တော့ မသိဘူး။
ဒါပေမယ့် ...
အရာ တော်တော်များများ ကိုတော့
ဖန်တီးနိုင်တာ အမှန်ပဲ။
လူ့လောကမှာ အဲ့ဒီငွေကြောင့်
လူ အတော်များများ သောကရောက်ကြရတယ်။
**ငွေဟာ မရှိမကောင်း၊ ရှိ မကောင်းဘဲ။**
**ဒါ့ကြောင့် ငွေနဲ့ ပတ်သက်ရင်**
**အလေးအနက်ထား စဉ်းစားသင့်တယ်။**
အလေးအနက်ထား စဉ်းစားတဲ့အခါ
ငွေကို ဘယ်လိုရှာ
ဘယ်လို သုံးရမယ်ဆိုတာ
သမီး အသေအချာ
သိလာပါလိမ့်မယ်။

ဖေဖေ

*

သမီး ...

ရေဆိုတာ
အမြဲမပြတ် စီးဆင်းနေမှ
သန့်ရှင်းတယ်။
လူဆိုတာလည်း
အဆက်မပြတ် ကြိုးစားနေမှ
တိုးတက်တယ်။
ဒီတော့ ... သမီးရယ်
တိုးတက် ထက်မြက်ဖို့
ဆက်လက် ရှန်းကန်
ကြိုးစားကြပါစို့။

ဖေဖေ

သမီး ...

ဘာတစ်ခုမှ
ပြတ်ပြတ်သားသား
မဆုံးဖြတ်ရဲရင်
ဘာကိုမှ
ကြီးကြီးကျယ်ကျယ်
မအောင်မြင်နိုင်ဘူး။
**ကြီးကြီးကျယ်ကျယ်**
**အောင်မြင်ချင်ရင်**
**ဘာမဆို**
**ပြတ်ပြတ်သားသား**
**ဆုံးဖြတ်ရဲ ရတယ်။**

**ဖေဖေ**

**သမီးလေး ...**

ပုရွက်ဆိတ်လေး တစ်ကောင်ရဲ့
ခွန်အား စွမ်းပကားနဲ့
ကိတ်မုန့်ကြီး တစ်လုံးကို
သယ်ယူ သွားနိုင်ဖို့ဆိုတာ
လုံးဝ မဖြစ်နိုင်တဲ့ ကိစ္စပဲ။
ဒါပေမယ့် ...
**ကိတ်မုန့်ကို ပထမဆုံး**
**အနံ့ခံ တွေ့ရှိ ခဲ့တဲ့**
**ပုရွက်ဆိတ် တစ်ကောင်ကြောင့်**
**ကိတ်မုန့်ကြီး တစ်လုံးလုံး**
**တစ်စစီ ပဲ့ကြွေ ပျောက်ပျက်**
**သွားနိုင်တယ် ဆိုတာတော့**
**သမီးကို သိစေချင်ပါတယ်။**

**ဖေဖေ**

သမီး ...

**ဟန်ဆောင်တတ်သော မိတ်ဆွေသည်**
**ရန်သူထက် ဆိုးသတဲ့။**
တစ်ချို့က မိမိရဲ့
မနာလို ဝန်တိုစိတ်
သူတစ်ပါးကို အနိုင်ကျင့်ချင်တဲ့ စိတ်
နေရာတကာမှာ အသာစီးရချင်တဲ့ စိတ်တွေကို
ဖော်ရွေ ကူညီတတ်သလိုမျိုး
စိတ် သဘောထား ကောင်းသလိုမျိုး
အနစ်နာခံ ပေါင်းသင်း တတ်သလိုမျိုး
ဟန်ဆောင်ကောင်းပြီး
ဟန်ဆောင်ပေါင်း တတ်ကြတယ်လေ။
ဒါပေမယ့် ...
တစ်နေရာရာမှာတော့
သူ့ရဲ့ အတွင်းစိတ်ဟာ ပေါက်ထွက်ပြီး
မိတ်ဆွေ သူငယ်ချင်းတွေ အပေါ်မှာ
ရက်ရက်စက်စက် ပြုလုပ်တတ်ကြတယ်။
အဲ့ဒီလို လူမျိုးဟာ
ဟန်ဆောင်တတ်တဲ့ မိတ်ဆွေပဲ သမီး
ဝေးဝေးကနေ ကြည့် ... ရှောင်။

ဖေဖေ

**သမီး ...**

မနေ့က ... ဖေဖေ့စိတ်
မကြည်မလင် ဖြစ်နေတဲ့ အချိန်မှာ
သမီးရဲ့ ပြုမူ ပြောဆိုပုံကို
သဘော မတွေ့လို့
ဖေဖေ ... ဆူမိတယ်။
အဲ့ဒီအခါမှာ ...
သမီးလေး မျက်နှာ ညိုးသွားပြီး
ဖေဖေ့ကို စိတ်ကောက်တော့ တာပဲ။
သမီးဘက်က တွေးတော့လည်း
ဖေဖေ မချစ်လို့ ငြူစူတယ်လို့
ထင်ချင် ထင်မှာပဲနော်။
ဖေဖေ့ဘက်က ကြည့်တော့လည်း
အဲ့ဒီအချိန်မှာ သမီးလေးရဲ့ အပြုအမူဟာ
မသင့်တော်ဘူး ထင်လို့ ဆုံးမလိုက်တာလေ။
နောက်မှ ဖေဖေ ပြန်တွေးမိတယ်။
**သမီးကို ဖေဖေက ဘာလို့ ဆူရမှာလဲ။**
**အေးအေးဆေးဆေး ပြောလည်း ရရက်သားနဲ့။**
**ဖေဖေ မှားသွားမှန်း သိလို့**
**သမီးလေးကို ပြန်ချော့တော့**
**သမီးကလည်း ဖေဖေ့အပေါ် နားလည်ပြီး**
**စိတ်ကောက်ပြေနှင့် နေပြီပေါ့။**
**ဒီလိုပဲ ဖြစ်ရမှာပေါ့ သမီးရယ်။**

**ဖေဖေ**

သမီး ...

ခြစည်းရိုး မရှိတဲ့ အိမ်ထဲကို
ဘယ်သူမဆို ဝင်ရဲပေမယ့်
ခြံစည်းရိုး လုံနေတဲ့ အိမ်ထဲကိုတော့
တော်ရုံလူ မဝင်ရဲဘူး။
အဲ့ဒီ ဥပမာလိုပဲ
ရှုမြှေ သိက္ခာအပြည့်ရှိတဲ့
မိန်းကလေးတစ်ယောက်ဟာ
ခြံစည်းရိုး လုံနေတဲ့ အိမ်နဲ့တူတယ်။
တော်ရုံ လူ ဝင်လာပြီး
မနှောင့်ယှက်ရဲဘူးပေါ့ကွယ်။

ဖေဖေ

သမီး ...

ကိုယ့်လက်ထဲမှာ ကိုင်ထားတဲ့
ကိုယ် တန်ဖိုး အထားဆုံး ပန်းတစ်ပွင့်ကို
သနားလို့ပဲ ဖြစ်ဖြစ်
ကြောက်ရွံ့ရလို့ပဲ ဖြစ်ဖြစ်
ဘယ်သူ့ကိုမှ
အလွယ်တကူ မပေးလိုက်ပါနဲ့။
ကိုယ် အမြတ်နိုးဆုံး လူ့ကိုပေးဖို့
အသက်နဲ့ထပ်တူ
ထိန်းသိမ်း စောင့်ရှောက် ထားစေချင်တယ်။
ဘာကြောင့်လဲဆိုတော့
**ကိုယ် တန်ဖိုးအထားဆုံး ပန်းတစ်ပွင့်ဟာ**
**ကိုယ် အမြတ်နိုးဆုံး လူနဲ့သာ ထိုက်တန်လို့ပါပဲ။**

•

သမီး ...

**ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား**
**ကွေကွင်း နောက်ဆုံး ရှိချေ၏ ... တဲ့။**
ဘယ်သူ့ကို
ဘယ်လောက်ပဲ ချစ်ချစ်
တစ်နေ့မှာတော့
ခွဲခွာ ကွဲကွာရမှာပဲ ဆိုတာ
သမီး အသေအချာသိပါ။
ခွဲခွာခြင်း ကွဲကွာခြင်း
ဒနာတွေကို
ုင်အောင် လေ့ကျင့်ထားနော်။

ဖေဖေ

**သမီး ...**

တစ်ထောင်ကျော်တန်
ထီးလေး တစ်ချောင်းကို မက်မိလို့
အိမ်ပြန် ခက်တဲ့
မိန်းကလေး တစ်ယောက်အကြောင်း
ဖေဖေ ကြားခဲ့ရဖူးတယ်။
တကယ်တော့ ...
ဒီ မိန်းကလေးဟာ
ငါးစာသာမြင်ပြီး ငါးမျှားချိတ် မမြင်တဲ့
ရေကန်ထဲက ငါးကလေးနဲ့ တူတယ်။
**သမီးရယ် ...**
**လောကကြီးထဲမှာ**
**မိန်းကလေးတွေကို ငါးလို သဘောထားပြီး**
**ပစ္စည်း၊ ငွေကြေး၊ အခွင့်အရေးဆိုတဲ့**
**ငါးစာပြပြီး ငါးမျှားနေတတ်တဲ့**
**တံငါသည်တွေ အများကြီး ရှိနေတယ်ဆိုတာ**
**သမီးတို့ မိန်းကလေးတွေ**
**ကြိုတင် သိစေချင်တယ်ကွယ်။**
ပြီးတော့ ... ငါးစာရဲ့အောက်မှာ
ငါးမျှားချိတ် ရှိနေတယ်ဆိုတာ ကိုလည်း
သတိ ရှိကြစေချင်တယ်။

**ဖေဖေ**

သမီး ...

ကျန်းမာရေး ချူချာလို့ပဲ ဖြစ်ဖြစ်
စိတ်သောက ရောက်နေလို့ပဲ ဖြစ်ဖြစ်
တစ်ခါတစ်ရံမှာ အကြောင်းကြောင်းကြောင့်
ညဘက်မှာ အိပ်လို့မရဘဲ ဖြစ်တတ်တယ်။
အဲ့ဒီအခါမျိုးမှာ ဖေဖေကတော့
နာသီးများကို ဝင်ထွက်နေတဲ့
လေကလေးကို ရှုမှတ်နေလိုက်တယ်။
တစ်ခါတစ်ရံမှာတော့
နလုံးခုန်တာကို နားထောင်တယ်။
တစ်ခါတလေ ဒုတ်ဒုတ်မြည်နေတဲ့
သွေးခုန်သံကို နားစွင့်နေမိတယ်။
အဲ့ဒီ အသံတွေကို နားထောင်ရင်း
နောက်ဆုံးတော့
ဘယ်လို အိပ်ပျော် သွားမှန်းကို
မသိတော့ပါဘူး သမီးရယ်။
သမီးလေးလည်း အိပ်မပျော်တဲ့အခါ
ဖေဖေ့လို လုပ်ကြည့်နော်။

ဖေဖေ

သမီး ...

လူတစ်ယောက်မှာ ၂၄ နာရီပဲ ပိုင်ပါတယ်။
ရှစ်နာရီကို အိပ်ပစ်လိုက်တော့
၁၆ နာရီပဲ သူ့မှာ ကျန်တော့တယ်။
ရှစ်နာရီကို ကိုယ်ပိုင်အချိန်အဖြစ်
နောက်ထပ် သုံးပစ်လိုက်ပြန်တော့
အများသူငါနဲ့ ဆက်ဆံချိန်ဟာ
ရှစ်နာရီပဲ ကျန်ပါတော့တယ်။
**အဲ့ဒီ ရှစ်နာရီလေးမှာ**
**မြင်သူတကာ စိတ်အေးချမ်းအောင်**
**ရွှင်လန်းကြည်သာ ရိုးရိုးသာသာနဲ့**
**ပြုံးရွှ ပြောဆို နေထိုင်ဆက်ဆံပါကွယ်။**
**အဲ့ဒါ ကုသိုလ် ယူခြင်း တစ်မျိုးပဲပေါ့။**

ဖေဖေ

သမီး ...

ဖေဖေတို့ ပြည်ကို ရောက်တုန်း
မင်္ဂလာဥယျာဉ်ကို အအေးသွားသောက်ရင်း
ငါးစာ ကျွေးခဲ့ကြတာ မှတ်မိသေးလား။
အဲ့ဒီ ဥယျာဉ်ပိုင်ရှင်က ငါးတွေကို
ဘေးမဲ့ပေး အစာကျွေးပြီး မွေးထားတာတဲ့။
အဲ့ဒီ ငါးတွေ သေရင်လည်း ချက်မစားရဘဲ
လူတွေလို မြေမြှုပ်သင်္ဂြိုဟ်ရတယ်တဲ့။
အဲ့ဒီလို ကြားတော့ ဖေဖေ ဝမ်းသာတယ်။
အဲ့ဒီ ကုသိုလ်မျိုးကို
ဖေဖေ သာဓု ခေါ်ပါတယ်။
ဖေဖေတို့လည်း ငွေကြေးချမ်းသာတဲ့အခါ
အဲ့ဒီလိုမျိုး ကန်ကြီးကြီးတူးပြီး
ငါးတွေကို ဘေးမဲ့ပေးပြီး
ကျွေးမွေး ထားရအောင်လေ။
**သတ္တဝါတွေရဲ့**
**အသက်ကို ကယ်တင်တဲ့အနေနဲ့**
**ဘေးမဲ့ပေး ကျွေးမွေးထားတဲ့**
**နိဗ္ဗတ ဒါနဟာ မွန်မြတ်ပါတယ်။**
**ဒီလို ဒါနမျိုးလုပ်တဲ့ သူဟာ အသက်ရှည်သတဲ့။**
**သမီးလေးလည်း အသက်ရှည်ရှည် နေရအောင်**
**နိဗ္ဗတ ဒါနကို တတ်စွမ်းသမျှ လုပ်နော်။**

**ဖေဖေ**

သမီးလေး ...

ခရေပန်းလေးတွေကို ကြည့်စမ်း။
အပင်ပေါ်မှာ ဖူးပွင့်နေတုန်း
မွှေးကြိုင်နေတာပဲ။
မြေကြီးပေါ် ကြွေကျပြန်တော့လည်း
ဆင်းရနံ့ သင်းပျံ့နေဆဲ။
မြေကြီးပေါ်က ကောက်ပြီး ဘုရားစင်ပေါ်တင်
ခေါင်းပေါ် ပန်ဆင်ပြန်တော့လည်း
ရနံ့မပြယ်၊ မွှေးရနံ့ကြွယ်ဆဲ။
**ကံ ငါးပါး လုံခြုံလို့ သီလစင်ကြယ်ပြီး**
**မေတ္တာတရား ပွားများနေတဲ့ ပုဂ္ဂိုလ်ဟာ**
**အဲ့ဒီ ခရေပန်းလေးတွေလိုပဲ**
**နေလည်း မွှေး၊ သေလည်း မွှေးနေမှာပါပဲ။**
သမီးကိုလည်း အဲ့ဒီလိုမျိုး ပုဂ္ဂိုလ်ဖြစ်အောင်
ကျင့်ကြံ ကြိုးစား အားထုတ်စေချင်တယ်။

ဖေဖေ

သမီး ...

တစ်နေ့နေ့မှာ စားဝတ် နေရေးအတွက်
အလုပ် တစ်ခုခုကို သမီးလုပ်ရမှာပဲ။
အဲ့ဒီအခါမှာ သမီးအတွက်
စီးပွားပြိုင်ဘက်၊ လုပ်ငန်း ပြိုင်ဘက်ဆိုတာ
မလွှဲမသွေ ပေါ်ပေါက် လာလိမ့်မယ်။
အဲ့ဒီလို ပြိုင်ဘက်တွေ ပေါ်လာတဲ့အတွက်
သူတို့ကို အနိုင်ယူချင်တဲ့ စိတ်နဲ့
သူ့ အားနည်းချက်ကို တွေ့အောင်ရှာပြီး
နည်းမျိုးစုံနဲ့ ဒုက္ခမပေး မိစေနဲ့နော်။
သူများ အကျိုးစီးပွား ပျက်ဆီးအောင်
ဖျက်ဆီးတာဟာ မကောင်းတဲ့ စိတ်ပဲ။
**ကိုယ်ကြီးပွား ချမ်းသာဖို့ အရေး**
**သူတစ်ပါးပေါ် မကောင်းစိတ် မမွေးပါနဲ့ကွယ်။**
**သူတစ်ပါးက ကိုယ့်အပေါ်**
**မကောင်းကြံရင်လည်း**
**မခံချင်စိတ်နဲ့ လက်တုန့်မပြန်နဲ့နော်။**
**သူတော်ကောင်းတရား လက်ကိုင်ထားပြီး**
**သည်းခံပါ၊ မေတ္တာထားပါ။**
**ကိုယ့်လမ်း ကိုယ်သွားပါ ... ကွယ်။**

**မေမေ**

သမီး ...

ဘဝခရီးကို တစ်ကိုယ်တည်း သွားရတဲ့အခါ
သွားလို မကျင့်နဲ့၊ လျှာလို ကျင့်နော်။
သွားက မာကျောတဲ့အတွက် ကျိုးလွယ်တယ်။
လျှာက ပျော့ပျောင်းတဲ့အတွက် ဘေးကင်းတယ်။
**မာကျောခြင်းက ရန်များတယ်။**
**ပျော့ပျောင်းခြင်းက ရန်နည်းတယ်။**
**ဘဝမှာ ရန်နည်းလေလေ**
**ကောင်းလေလေ မဟုတ်လား သမီးရယ်။**

**ဖေဖေ**

သမီး ...

အလုပ် လုပ်ရမယ့် အချိန်မှာ
အလုပ် ရှာမရလို့
စိတ်ဓာတ် ကျနေလား။
တစ်ခါ နှစ်ခါ ငြင်းပယ် ခံရဖူးတာနဲ့
ကိုယ့်ကိုကိုယ် အသုံးမကျဘူးလို့
မထင် လိုက်နဲ့ဦးနော်။
အလုပ်ခန့်မယ့် သူနဲ့ ကိုယ်နဲ့
ကံ မကိုက်သေးလို့ပါ။
ဒီနေ့ အလုပ်ရှာလို့ မရသေးရင်
နက်ဖြန် ရမှာပဲ။
နက်ဖြန်မှ မရသေးရင်
သန်ဘက်ခါတော့ ရမှာပေါ့။
ကိုယ့်မှာ ကြိုးစားပြီး အလုပ်ရှာဖို့
အချိန်တွေ အများကြီး ရှိနေသေးတာပဲ။
ဘာလို့ စိတ်ဓာတ်ကျ အားငယ်ရမှာလဲ။
**လုံ့လ ဝီရိယနဲ့ ခွဲရှိတဲ့**
**သူ တစ်ယောက်အတွက်**
**လုပ်စရာ အလုပ်တွေ တစ်ပုံကြီးရှိတယ်ဆိုတာ**
**ယုံကြည် ထားစမ်းပါကွယ်။**

**မေမေ**

သမီး ...

ပြည်မြို့ကို အကြိမ်ကြိမ် အခါခါ
ဖေဖေ ရောက်ခဲ့ဖူးပေမယ့်
ဒီတစ်ခေါက် အပျော်ဆုံးပဲ။
ဖေဖေ့ ဘေးမှာ သမီးလေး ပါလာလို့လေ။
ရွှေဆံတော် ဘုရား၊ ရွှေနတ်တောင် ဘုရား
ရွှေမျက်မှန် ဘုရားနဲ့
ပြည်တစ်ဖက်ကမ်းက
ရွှေဘုံသာမုနိ ဘုရားတွေကို
ဖူးမျှော်ကန်တော့ ခဲ့ကြတယ်နော်။
အဲ့ဒီ ဘုရားတွေမှာ
သားအဖ နှစ်ယောက်
အလှူဒါနတွေ လုပ်၊ ဆုတွေ တောင်းကြနဲ့
ကြည်နူးစရာ ကောင်းလိုက်တာ။
**ဘုရားရိပ် တရားရိပ်အောက်မှာ**
**ဖေဖေတို့ သားအဖနှစ်ယောက်**
**စိတ်အေးချမ်း ပျော်ရွှင်ခဲ့ကြတာ**
**ဘာနဲ့မှ မလဲနိုင်ပါဘူး သမီးရယ်။**

ဖေဖေ

**သမီး ...**

**A woman and a glass**
**are ever in danger.**
**မိန်းမတစ်ယောက်နဲ့ မှန်တစ်ချပ်ဟာ**
**အန္တရာယ် အမြဲတမ်း ရှိနိုင်သတဲ့။**
မိန်းကလေး တစ်ယောက်ဟာ
အသွားမတော်၊ အစားမတော်
နေထိုင် ပြုမူ ပြောဆိုပုံ မသင့်တော်လို့
တစ်ချက်ကလေး မှားသွားတာနဲ့
မှန်ကလေး တစ်ချပ်လို
ဖျပ်ကနဲ ကွဲသွားနိုင်တယ်။
ဒီဥပမာလေးကို
အလေးအနက်ထား စဉ်းစားကြည့်နော်။

ဖေဖေ

**သမီးလေးမတ်မို**

**သမီး ...**

ချစ်ခင် တွယ်တာ သူတွေနဲ့
မမျှော်လင့်ဘဲ
ကွဲကွာ ခွဲခွာရတဲ့အခါ
ကြေကွဲ ဝမ်းနည်းပြီး
ဖြေဆည်လို့ မရအောင်
ဖြစ်တတ်ကြတယ်။
တစ်ချို့ဆို တစ်သက်လုံး
ယူကြုံးမရ ဖြစ်ပြီး
မျှော်လင့်ချက် မရှိဘဲ
အသက်ရှင်နေရသလိုပဲ
သိပ် ခံစား တတ်ကြတယ်။
အဲ့ဒီ အချိန်မှာ
တရားဓမ္မကို နှလုံးသွင်းနိုင်မှ
စိတ်ဆင်းရဲမှု သက်သာနိုင်တယ်။
**တစ်ချိန်ချိန်မှာ**
**ချစ်ခင် ကြင်နာသူတွေနဲ့**
**မလွှဲသာ ခွဲခွာရမယ်ဆိုတာ**
**ကြိုသိပြီး တရားဓမ္မကို**
**နှလုံးသွင်းနိုင်အောင်**
**လေ့ကျင့် ပြင်ဆင်ထားပါကွယ်။**

**ဖေဖေ**

သမီး ...

ဖွဲ့ရှိရှိနဲ့ ပိုးပန်းတဲ့သူကို
အသိပညာရှိတဲ့ မိန်းကလေးတောင်
မနေနိုင်တော့ဘဲ ပြန်ကြိုက်မိတတ် သတဲ့။
အချစ်ရေးမှာ
ဇွဲရှိတာလေး တစ်ခုတည်းနဲ့တော့
ကိုယ် အားထားစရာ အဖော်မွန်ထင်ပြီး
အလွယ်တကူ လက်မခံပါနဲ့ကွယ်။
ကိုယ်လက်တွဲမယ့် ဘဝအဖော်ဟာ
လူတော် လူကောင်း ဟုတ် မဟုတ်
ယောကျ်ား ပီသသူ ဟုတ် မဟုတ်
စဉ်းစားပြီးမှ
အေးအေး ဆေးဆေး ရွေးချယ်စေချင်တယ်။
ရွေးချယ်မှု မှားရင်
ခံစားသွားရ လိမ့်မယ်နော်။

သမီး ...

**Anger is short madness.**

ဒေါသ ထွက်ခြင်းဟာ
ခဏတာ ရူးသွပ် သွားခြင်းပဲတဲ့။
ပညာရှင် တစ်ဦးရဲ့ စကား
ဖေဖေ မှတ်သား ခဲ့ဖူးတယ်။
ဒေါသ ထွက်နေတဲ့ အချိန်မှာ
စိတ်လိုက်မာန်ပါ
ပြုမူပြောဆို လုပ်ကိုင်လိုက်ရင်
အမှားတွေ ကျူးလွန် မိတတ်တယ်။
ဒါကြောင့် ...
**ကိုယ် ဒေါသ ထွက်နေပြီ ဆိုရင်**
**ဘာမှ ပြုမူ ပြောဆိုခြင်း မလုပ်ဘဲ**
**စိတ်တည်ငြိမ် အေးချမ်းသွားအောင်**
**ငြိမ်ငြိမ်လေး ထိုင်နေလိုက်တာ အကောင်းဆုံးပဲ**
**နောင်တ ရစရာ အမှားတွေ**
**ဖြစ်မလာနိုင်တော့ဘူး ပေါ့ကွယ်။**

ဖေဖေ

သမီး ...

နံပြီစုတ် ငှက်က
ဆင်ခြေလှမ်း လိုက်လှမ်းလို့ကတော့
ပေါင်ပဲ့ရုံ ရှိတော့မှာပေါ့။
ဆိုလို ချင်တာကတော့
ကိုယ်နဲ့ တန်ရာ တန်ရာလုပ်
ဆိုတဲ့ သဘောပဲ ... သမီး။

ဖေဖေ

သမီး ...

က ကြီးကို ယ ပက်လက်ဖြစ်အောင်
လုပ်ချင်တဲ့ သူတွေ ရှိတတ်တယ်။
ဒါပေမယ့် ...
က ကြီး ပက်လက်လန်မှ
ယ ပက်လက် ဖြစ်ရတာမျိုးတော့
အရုပ်ဆိုးပါတယ် ကွယ်။
အရုပ်ဆိုးအောင် လုပ်တတ်တဲ့ သူမျိုး
သမီး မဖြစ်စေနဲ့နော်။

ဖေဖေ

သမီး …

ကြယ်ရောင် များပေမယ့်
လရောင် လောက်တော့
မလင်း နိုင်ပါဘူး။
လရောင် ဘယ်လောက်လင်းလင်း
နေမင်းကိုတော့ မမှီနိုင်ပါဘူး။
လောကကြီးမှာ အဲ့ဒီလို
ယှဉ်လို့ မရတာတွေ
အများကြီး ရှိနေတယ်ဆိုတာ
သမီးကို သိစေချင်တယ်ကွယ်။

ဖေဖေ

သမီး ...

**မီးသီးတွေ မီးချောင်းတွေ တီထွင်ခဲ့တဲ့**
**သိပ္ပံပညာရှင် သောမတ်(စ်) အယ်ဒီဆင်ဟာ**
**သူ့ရဲ့ စမ်းသပ်မှုအတွက်**
**အကြိမ် တစ်သောင်းလောက်**
**ထပ်တလဲလဲ ကြိုးစားခဲ့ရတယ် တဲ့။**
သမီးကော ...
စာမေးပွဲ တစ်ခုဖြေဖို့အတွက်
သင်ခန်းစာတွေကို မှတ်မိအောင်
ဘယ်နှစ်ကြိမ်လောက် ကျက်မှတ်ခဲ့ပါသလဲ။
သောမတ်စ် အယ်ဒီဆင်လိုသာ
ဇွဲရှိရှိ ဝီရိယကောင်းကောင်းနဲ့
ထပ်တလဲလဲ ကြိုးစားနိုင်ခဲ့ရင်
သမီးလေးလည်း
ကမ္ဘာကျော် ပုဂ္ဂိုလ် ဖြစ်နိုင်တာပေါ့နော်။

**မေမေ**

သမီး ...

ပျားလို အလုပ် လုပ်ပါ။
ခွေးလို သစ္စာရှိပါ။
ကြက်ဖလို အချိန်မှန်ပါစေ။
ဆင်လို ခွန်အား ရှိပါစေ။
ဒီးကွက်လို ပညာရှိပြီး
ခြင်္သေ့လို သတ္တိကောင်းပါစေ။
အဲ ... မျောက်လိုတော့
မဆော့နဲ့ ပေါ့နော်။

ဖေဖေ

သမီး ...

ရန်လုပ်တတ်သော မိန်းကလေးသည်
အိမ်ထောင် ပြုရမည် မဟုတ်တဲ့။
အဲ့ဒီလို မိန်းကလေး
အိမ်ထောင်ပြု ခဲ့ရင်လည်း
ယောကျ်ားက စိတ်ညစ်ပြီး
စွန့်ပစ် သွားမှာပဲ။
ယောကျ်ား တစ်ယောက်ရဲ့
စွန့်ပစ်ခြင်းကို ခံရတဲ့
မိန်းမတစ်ယောက်ရဲ့ ဘဝဟာ
ရင်နာစရာ ကောင်းပါတယ်ကွယ်။
ဒါကြောင့် ... သမီးလည်း
ရန်လုပ်တတ်တဲ့ မိန်းကလေးမျိုး
မဖြစ်ပါစေနဲ့နော်။

ဖေဖေ

သမီး ...

မြွေက
ဖားတွေ ကြွက်တွေ စားပြီး
အသက် ရှင်တယ်။
ယုန်က
မြက်ကိုပဲ စားပြီး
အသက် ရှင်တယ်။
သမီးကော
ဘယ်လို အသက်ရှင် ရှင်သလဲ။
သူများ အသက်ကို
သတ်စားပြီး အသက်ရှင် ချင်သလား။
အသီးအရွက် စားပြီး
အသက်ရှင် ချင်သလား။

ဖေဖေ

သမီး ...

Keep your heart free from hate,
your mind from worry ... တဲ့။
သင့်နှလုံးသားကို အမုန်းတရား ကင်းဝေးပါစေ။
သင့်စိတ်ကို စိုးရိမ် သောက ကင်းဝေးပါစေ။
လူတိုင်းကို ဆုတောင်းပေးလို့ ကောင်းတဲ့
စာသားလေး ပဲနော်။
အဲ့ဒီ စာသားလေးကို အလွတ်ကျက်ပြီး
ကိုယ်ချစ်ခင်တဲ့ သူတွေကို
မေတ္တာလက်ဆောင် ပေးလိုက်ပါလား။
ဒါပေမယ့် ...
ပေးတဲ့ သူ ကိုယ်တိုင်က
အမုန်းတရားတွေ ပွားပြီး
စိုးရိမ် သောက များနေတာမျိုးတော့
မဖြစ်စေ နဲ့ပေါ့နော်။

ဖေဖေ

သမီး ...

မနေ့ကတော့ သမီးလေးကို လွမ်းပြီး
ဓာတ်ပုံဟောင်းတွေကို ပြန်ထုတ်ကြည့်မိတယ်။
ပါးမို့မို့ ဖောင်းဖောင်းကြီးနဲ့
ချစ်စရာ ကောင်းအောင် ပြုံးနေတတ်တဲ့
သမီးရဲ့ ပုံလေးတွေကို ကြည့်ပြီး
ဖေဖေ လွမ်းဆွတ် သတိရနေမိတယ်။
ဖေဖေတို့ အိမ်ရှေ့ အုတ်ခုံလေးပေါ်မှာ
ထမိန်လေး မ ပိုက်ဆံအိတ်လေး ကိုင်ပြီး
စတိုင်ကျကျ ရိုက်ထားတဲ့ ပုံလေးတွေ့တော့
ဓာတ်ပုံ ရိုက်တုန်းက အချိန်တွေကို
ပြန်သတိရပြီး ပြုံးမိသေးတယ်။
အဲ့ဒီတုန်းက သမီးက ၆ နှစ် အရွယ် သမီးလေး
အခုတော့ ၁၈ နှစ်အရွယ် သမီးကြီး ဖြစ်ပေါ့။
တော်ကြာ နိုင်ငံရပ်ခြားကို
စွန့်စားပြီး အလုပ်သွား လုပ်ဦးမယ်ဆိုရင်
အခုလိုပဲ ဓာတ်ပုံတွေ ကြည့်ပြီး
ဖေဖေ လွမ်း နေရဦးမှာပဲ။
**လွမ်းချင်လည်း လွမ်းရပါစေကွယ်။**
**သမီးရဲ့ ဘဝရည်မှန်းချက်တွေ**
**ပြည့်စုံအောင်မြင် ပျော်ရွှင်နေမယ်ဆိုရင်**
**ဖေဖေ ကျေနပ်စွာ လွမ်းနေပါ့မယ်။**

ဖေဖေ

သမီး ...

မြတ်ဗုဒ္ဓရဲ့
ဆုံးမ ဩဝါဒ အတိုချုပ်လေး
သမီးလေးကို ပြောပြချင်တယ်။
**မကောင်းမှုကို မလုပ်နဲ့။**
**ကောင်းမှုကို လုပ်။**
**စိတ်ကို ဖြူစင်အောင် ထား။**
**သတိတရား အမြဲ ရှိပါစေတဲ့။**
အမြဲတမ်း နှလုံးသွင်းရမယ့်
ဆုံးမ ဩဝါဒတွေပဲပေါ့။
ဘယ်တော့မှ မမေ့နဲ့နော်။

ပပပ

သမီးလေး ...

ခြင် အကိုက် ခံရပြီးမှ
ခြင်ကို ရိုက်သတ်ပစ်မယ့် အစား
ခြင်ကိုက် မခံရအောင်
ကာကွယ်ပါလားကွယ်။
ခြင်လည်း အကိုက် ခံရသေးတယ်။
ခြင်ကို ရိုက်သတ်လိုက်လို့
ပါဏာတိပါတာ ကံကိုလည်း
ကျူးလွန် မိလိုက်သေးတယ် ဆိုတော့
နစ်ခါ ပြန် နစ်နာပါတယ်။
**လူသွေး တစ်စက်တောင်**
**ကုန်အောင် မစုပ်နိုင်ရှာတဲ့**
**ခြင်သေးသေး တစ်ကောင် အတွက်နဲ့တော့**
**သူ့ အသက်ကို သတ်တဲ့**
**ပါဏာတိပါတာ ကံကို**
**မကျူးလွန် မိပါစေနဲ့ ... နော်။**

**ဖေဖေ**

သမီး ...

အရာရာတိုင်းဟာ သူ့နေရာနဲ့သူ
အသုံးဝင် တန်ဖိုးရှိကြတယ်။
လူတိုင်း လူတိုင်းလည်း
သူ့နေရာနဲ့ သူ အရေးပါပြီး
တန်ဖိုးရှိ အသုံးဝင် ကြတယ်။
ဒါကြောင့် ...
ဘယ်အရာကိုပဲ ဖြစ်ဖြစ်
ဘယ်လို လူမျိုးကိုပဲ ဖြစ်ဖြစ်
အထင်သေးတာမျိုး
တန်ဖိုး မထားတာမျိုး
ဂရုမစိုက်တာမျိုး မဖြစ်စေနဲ့နော်။

ဖေဖေ

သမီး ...

**လောကမှာ အလုပ်တွေ အများကြီးရှိပါတယ်။**
**ဒါပေမယ့် အဆင့်မြင့်ဆုံး အလုပ်ကတော့**
**လူတွေရဲ့ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်ရေး**
**စိတ်ဓာတ်ရှိုင်မာ မြင့်မားရေးကို**
**မြှင့်တင် ပညာပေးတဲ့ အလုပ်ပဲ။**
ကိုယ့်ရဲ့ အသက်မွေးဝမ်းကျောင်းက
ဘဝပေး အခြေအနေကြောင့်
အဲ့ဒီ အဆင့်မြင့်ဆုံး အလုပ် မဟုတ်ခဲ့ရင်တောင်
ဝါသနာပါရာ အလုပ် အနေနဲ့ လုပ်သင့်တယ်။
လူ့ဘဝရဲ့ အဲ့ဒီ အဆင့်မြင့်ဆုံး အလုပ်ကို
သမီးလေးကို လုပ်စေချင်တယ်ကွယ်။

**ဖေဖေ**

သမီး ...

"နတ္ထိလောကေ အနိန္ဒိတော"
လောကမှာ အပြစ်တင် မခံရသူ မရှိဘူးတဲ့။
ဘာပဲ လုပ်လုပ် တစ်ယောက်ယောက် ကတော့
ဝေဖန် အပြစ်တင် နေမှာပဲ။
ဘာမှ မလုပ်ရင်တောင်
ဘာမှ မလုပ်ဘူးလို့ အပြစ်တင် ခံရမှာပဲ။
ကိုယ်လည်း သူတစ်ပါးကို
ဝေဖန် အပြစ်တင်ခဲ့ဖူးတာပဲ မဟုတ်လား။
ဒီတော့ သူများက ကိုယ့်ကို
အပြစ်တင် ကဲ့ရဲ့တာမျိုး ကြုံရင်
ထူးထူးဆန်းဆန်း လုပ်ပြီး
ဝမ်းနည်း မနေနဲ့နော်။
ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ပါ။

ဖေဖေ

သမီး …

ဘဝခရီးကို
တစ်ယောက်တည်း လျှောက်ရတဲ့အခါ
မှီခိုအားကိုးစရာ မရှိတဲ့အတွက်
ကိုယ့်အား ကိုယ်ကိုး ရလိမ့်မယ်။
**ကိုယ့်အားကိုယ်ကိုး နိုင်လေလေ**
**လွတ်လပ်မှု ရလေလေပဲ။**
**သူတစ်ပါးကို အားကိုးရလေလေ**
**ကိုယ့်ရဲ့ လွတ်လပ်မှုတွေ**
**ဆုံးရှုံးသွားရ လေလေပဲ မဟုတ်လား။**
**လွတ်လွတ်လပ်လပ်နဲ့**
**ကိုယ့်အားကိုယ်ကိုး**
**ကြိုးစားရုန်းကန် နိုင်တာမှ လူစွမ်းကောင်း၊**
မှီခိုလိုတဲ့ စိတ်၊ အားငယ် စိတ်၊
အချောင်ခို၊ ပျင်းရိတဲ့ စိတ်တွေ မရှိဘဲ
ဘဝခရီးကို တစ်ယောက်တည်း
ရဲရဲဝံ့ဝံ့ ကျော်ဖြတ်သွားစမ်းပါ။
ဖေဖေ့သမီး … လူစွမ်းကောင်းကြီး အတွက်
ဖေဖေ အားတက် ဂုဏ်ယူစမ်းပါရစေ။

**ဖေဖေ**

**သမီး ...**

ကိုယ့်မှာ ချစ်သူရှိတဲ့အခါ
သူ့ကို ယူနိုင်အောင် ကြိုးစားပါ။
ဒါမှမဟုတ် ...
ကိုယ်အားကိုး ရမယ် ထင်လို့
လက်ထပ် ယူထားတဲ့ သူ့ကို
ချစ်မြတ်နိုးအောင် ကြိုးစားပါ။
ဒီနှစ်ခု စလုံးကိုမှ
မလုပ်နိုင်ဘူး ဆိုရင်တော့ ...
တစ်ယောက်တည်း နေတတ်အောင် ကြိုးစားပါ။
**ဘုရားသခင်ရဲ့ အလိုဆန္ဒကို ဆန့်ကျင်ပြီး**
**တစ်ယောက်တည်း နေမယ်ဆိုရင်တော့**
**ဗျင်းစရာ ကောင်းနေမလားလို့။**
**ဒါပေမယ့် ...**
**ဘဝပေး ကုသိုလ်အရ**
**တစ်ယောက်တည်း နေဖို့**
**ကံ ပါလာရင်လည်း အားမငယ်နဲ့။**
ဖေဖေ့အနားမှာပဲ တစ်သက်လုံး
ပျော်ပျော်ရွှင်ရွှင် နေသွားနော်။

**ဖေဖေ**

သမီးငယ် ...

ရေခဲဆိုတာ
ချက်ခြင်း အေးခဲတတ်တာမျိုး မဟုတ်ဘူး။
တစ်စတစ်စနဲ့ အေးခဲလာပြီးမှ
ရေခဲ ဘဝ ရောက်ရတာ။
ရေခဲ ဘဝ ရောက်ပြီဆိုရင်လည်း
ရေ ဘဝကို ချက်ခြင်း ပြန်မရောက်နိုင်ဘူး။
အချိန်စောင့် ရတတ်တယ်။
ဒီလိုပဲ ... နာကြည်းမှု တစ်ခုဟာ
ချက်ခြင်း ဖြစ်လာတာမျိုး မဟုတ်ဘူး။
နာစရာတွေ တစ်ခုပြီး တစ်ခု
စု လာပြီးတော့မှ
နာကြည်းမှုကို ဖြစ်စေတာ။
နာကြည်းမှု တစ်ခုဖြစ်ပြီ ဆိုရင်လည်း
ချက်ခြင်း ပြေပျောက် သွားနိုင်ဖို့ မလွယ်ဘူး။
အချိန်ယူပြီး ကြိုးစား ဖြေဖျောက်ရတယ်။
ဒါကြောင့် ...
နာကြည်းမှု ရေခဲတုံး မဖြစ်ရလေအောင်
သမီးရင်ထဲမှာ နာစရာတွေ စု စု မထားနဲ့နော်။
နာကြည်းစရာတွေ ရှိနေတဲ့ သူဟာ
ဖြူစင်သန့်ရှင်းတဲ့ စိတ်မျိုး ထားလို့ မရဘူးဆိုတာ
သမီးလေးကို သိစေချင်တယ်ကွယ်။

ဖေဖေ

သမီး ...

**ချီးကျူးအားပေးမှုကို**
**လိုလား နှစ်သက်တယ်။**
**ကဲ့ရဲ့ အပြစ်တင်တာကို**
**ဘယ်သူမှ မလိုချင်ဘူး၊ မနှစ်သက်ဘူး**
ဒီတော့ ... သမီးလေးက
လူတွေနဲ့ ပြောဆို ဆက်ဆံရတဲ့အခါ
သူတို့ လိုလားနှစ်သက်တဲ့
ချီးကျူးအားပေး စကားမျိုးတွေပဲ ပြောပါ။
ဘယ်သူ့မှ မလိုချင် မနှစ်သက်တဲ့
အပြစ်တင် ကဲ့ရဲ့တာမျိုး မပြောမိစေနဲ့နော်။
ပေါင်းသင်း ဆက်ဆံရေးမှာ
အဲဒီအချက်က သိပ် အရေးကြီးတယ်။
သမီးလေး ... သဘောပေါက်မှာပါ။

ဖေဖေ

**သမီး ...**

လောဘ၊ ဒေါသ၊ မာနတွေ
ဖုံးလွှမ်းနေတဲ့ လူ့လောကကြီးမှာ
ပြဿနာပေါင်းစုံ တွေ့ကြုံနေရတာ
ဘာဆန်းလို့လည်း သမီးရယ်။
ပြဿနာ အခက်အခဲတွေ
တွေ့ကြုံရတိုင်းသာ
ဒေါပွ သောကများနေရင်
ပျော်ရွှင်စရာ ဘယ်မှာ
ရှာတွေ့ နိုင်တော့မှာလဲကွယ်။
လူ့ဘဝမှာ ငြိမ်းချမ်း ပျော်ရွှင်စွာ
မနေထိုင်တတ်ဘူး ဆိုရင်
လူဖြစ်ရကျိုး မနပ်တော့ဘူးပေါ့။
ဒီတော့ ...
**ပြဿနာ အခက်အခဲတွေ ကြုံတဲ့အခါ**
**ခေါင်းအေးအေး စိတ်အေးအေးနဲ့**
**တည်တည် ငြိမ်ငြိမ် ရင်ဆိုင်ပြီး**
**ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ဖို့ ကြိုးစားနော်။**

**ဖေဖေ**

သမီး ...

အောင်မြင်မှုနဲ့ ပျော်ရွှင်မှု ဆိုတာ
မတူဘူး၊ တစ်ခြားစီပဲ။
အောင်မြင်မှုဆိုတာ
ကိုယ်လိုချင်တာကို ရတာ။
ပျော်ရွှင်မှုဆိုတာ ကတော့
ကိုယ် ရရှိထားတာကို
ကျေနပ် နှစ်သက်တာ။
ကိုယ်လိုချင်တာလည်း ရ
ကိုယ်ရထား တာကိုလည်း
ကျေနပ် နှစ်သက်နိုင်မှ
အောင်မြင်ပျော်ရွှင် နိုင်မယ်ဆိုတာ
သမီးလေး ... သိပါကွယ်။

ဖေဖေ

သမီး ...

Early to bed early to rise,
Makes a man healthy,
wealthy and wise.
စောစောအိပ် စောစောထခြင်းဟာ
လူတစ်ယောက်ကို ကျန်းမာ ချမ်းသာ
အသိဉာဏ် ရှိစေပါသတဲ့။
ဒီတော့ ...
စောစောအိပ် စောစောထတဲ့ အကျင့်
ရှိသင့်တယ်လို့ သမီး မထင်ဘူးလား။

စမေ

သမီး ...

ဥစ္စာပျောက် ရှာရောက်တဲ့။
ကိုယ့်ရဲ့ မေ့လျော့ ပေါ့ဆမှု
အသိမ်း အဆည်း ညံ့ဖျင်းမှုကြောင့်
ပစ္စည်း ပျောက်သွားတဲ့အခါ
ဟိုလူ သည်လူကို
သံသယဝင် စွပ်စွဲပြီး
နောက်ထပ် ရှာရောက်ရမယ့် အဖြစ်မျိုး
မလုပ် မိစေနဲ့နော်။

ဖေဖေ

သမီးလေး ...

ခေါင်းထဲမှာ မာန် မာနတွေ
အပြည့်ရှိနေတဲ့ လူတစ်ယောက်ဟာ
ပူပြင်းတဲ့ နွေရာသီမှာ
ပူအိုက် လေးလံစေတဲ့
ဦးထုပ် ကြပ်ကြပ်ကြီး တစ်လုံးကို
အချိန်ပြည့် ဆောင်းထားတဲ့
လူတစ်ယောက်နဲ့ တူတယ်။
သူ့အစား ပူလိုက် အိုက်လိုက်တာကွယ်။
မာနဆိုတဲ့ ဦးထုပ် ကြပ်ကြပ်ကြီးကို
အချိန်ပြည့် ဆောင်းထားတဲ့ သူဟာ
သမီးလေးဖြစ်နေမယ် ဆိုရင်တော့
ဘုရား ... ဘုရား ... ဒုက္ခပါပဲ။
အဲ့ဒီ ဦးထုပ်ကြီးကို
သမီးလေး ခေါင်းပေါ်က
ဘယ်လို ဆွဲချွတ်ပေးရပါ့။
ဒါပေမယ့် ... သမီးလေးက
ဦးထုပ်ဆောင်းတာမှ မကြိုက်တာ
တော်ပါသေးရဲ့။

**သမီး ...**

စာရွက်အဖြူပေါ်မှာ ခဲတန်နဲ့ အမှားခြစ်မိရင်
ခဲဖျက်နဲ့ ဖျက်လို့ရတယ်။
ဖောင်တိန်၊ ဘောလ်ပင်နဲ့ ခြစ်မိရင်လည်း
မှင်ဖျက်ဆေးရည်နဲ့ ဖျက်လို့ရတယ်။
ဖျက်လို့ မရဘူးဆိုတာ
ဘာတစ်ခုမှ မရှိပါဘူးကွယ်။
ဒါပေမယ့် ...
နဂို စင်းလုံးချော
စက္ကူဖြူ တစ်ရွက်တော့
ပြန်မဖြစ်နိုင်တာ သေချာတယ်။
ဒါကြောင့် ...
**စက္ကူဖြူဖြူ တစ်ရွက်ပေါ်မှာ**
**အမှားတွေ မရေးခြစ်မိအောင်**
**အမြဲ သတိထားနော်။**
**သတိထားရင်**
**အမှားနည်း တာပေါ့ ... သမီးရယ်။**
**မတော်တဆ မှားခဲ့ရင်လည်း**
**အမှားပြင်လို့ ရတယ်ဆိုတာ မမေ့နဲ့။**

**သမီးလေး ...**

**ဘဝမှာ**
**ကိုယ်လိုချင်တွေ ရဖို့**
**ကိုယ်ဖြစ်ချင်တာတွေ ဖြစ်ရဖို့**
**ကြိုးစား အားထုတ်လိုက်ရတာ**
**ပြီးတော့ ...**
**ဘုရား အဆူဆူမှာ**
**ဆုတောင်းရတာလည်း အမော**
**ဒါပေမယ့် ...**
**ဘဝမှာ**
**ကိုယ် မဖြစ်ချင်တာတွေ ဖြစ်ရတယ်။**
**ကိုယ် မလိုချင်တာတွေ ရကြတယ်။**
**အဲ့ဒါ ... ဘာကြောင့်လဲ?**
အဲ့ဒီ မေးခွန်းရဲ့ အဖြေကို
သမီး သေသေချာချာ စဉ်းစားကြည့်။
အဖြေမှန်ကို သိပြီဆိုရင်တော့ ...
ကိုယ့်ရဲ့ လက်ရှိ အခြေအနေကို
မကျေမနပ် ဖြစ်မနေသင့်ဘူးပေါ့။
ကိုယ့် ဘဝနဲ့ ကိုယ်
ကျေကျေနပ်နပ်နဲ့
နေတတ်အောင် နေပါ ... သမီးရယ်။

**ဖေဖေ**

**သမီး ...**

**အခက်အခဲ ပြဿနာ တစ်ခုပေါ်ခဲ့ရင်**
**ကြံ့ကြံ့ခံ ရင်ဆိုင်ဖြေရှင်း မလား။**
**အရှုံးပေး ထွက်ပြေးမလား။**
**ဒီနှစ်ခုထဲက တစ်ခုခုကိုတော့**
**သမီး ... ရွေးချယ်ရလိမ့်မယ်။**
အရှုံးပေး ထွက်ပြေးတဲ့ သူဟာ
ဘယ်တော့မှ အောင်နိုင်သူ မဖြစ်ဘူး။
ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်တဲ့ သူသာ
နောက်ဆုံးမှာ အောင်ပွဲခံရတယ်။
သမီးလေးကို
အောင်နိုင်သူ အဖြစ်ပဲ
ဖေဖေ မြင်ချင်တယ်။
အခက်အခဲ ပြဿနာတွေ ကြောက်လို့
အရှုံးပေး ထွက်ပြေးတာမျိုး
လေသံတောင် မကြားချင်ဘူး။

**ဖေဖေ**

သမီးလေး ...

မနေ့က အငှားယာဉ် တစ်စီးပေါ်မှာ
ဖေဖေ့ ပိုက်ဆံအိတ် ကျကျန်ခဲ့တယ်။
ပိုက်ဆံအိတ်ထဲမှာ ငွေတစ်သိန်းခွဲ
မှတ်ပုံတင်၊ ကားမောင်းလိုင်စင်နဲ့
ဘဏ်စာအုပ်တွေ ပါသွားခဲ့တယ်။
မဟာဗန္ဓုလပန်းခြံလမ်း ကားဂိတ်က ငှားစီးခဲ့တာမို့
ကားဂိတ်ကို ပြန်သွားပြီး စုံစမ်းတယ်။
ကားဂိတ်မှာ ရှိနေသူတွေက
စိတ် မပူဖို့ ပြောကြတယ်။
မကြာခင်မှာဘဲ ဖေဖေ ငှားစီးတဲ့ကားဟာ
ကားဂိတ်ကို ပြန်ရောက်လာတယ်။
ကားမောင်းတဲ့ သူဟာ ဖေဖေ့ကို မှတ်မိပြီး
ဖေဖေ့ပိုက်ဆံအိတ်ကို ပြန်ပေးခဲ့တယ်လေ။
ဖေဖေ ဝမ်းသာပီတိ ဖြစ်သွားခဲ့တယ်။
ဝမ်းသာတာက ဖေဖေ ပစ္စည်းပြန်ရလို့။
ပီတိဖြစ်တာက လူတွေမှာ
ရိုးသားဖြူစင်တဲ့ စာနာစိတ်တွေ ရှိနေလို့။
ဖေဖေလည်း သူ့ရဲ့ရိုးသားဖြူစင်မှုကို
တန်ဖိုးထား လေးစားတဲ့အနေနဲ့
ငွေတစ်သောင်း ချီးမြှင့်ခဲ့ပါတယ်။
**အဲ့ဒီလို ရိုးသားဖြူစင်တဲ့ သူတွေနဲ့ တွေ့ရတာ**
**လောကကြီးအတွက်**
**ဖေဖေ ... အားတက် ခဲ့ရပါတယ်ကွယ်။**

**ဖေဖေ**

သမီး ...

•

ကြီးပွား အောင်မြင်ချင်ရင်
တံဆိပ်ခေါင်း ကဲ့သို့ ကျင့်ကြံပါ။
တံဆိပ်ခေါင်းဟာ
စာအိတ်ပေါ်မှာ တွယ်ကပ်ပြီး
သူ သွားချင်တဲ့ ခရီးဆုံးကို
ရောက်အောင် သွားနိုင်ခဲ့တယ်။
သမီးလည်း ...
တံဆိပ်ခေါင်းလေးလို
ဇွဲ၊ လုံ့လ၊ ဝီရိယ အပေါ်
အသေတွယ်ကပ် ထားပြီး
သွားချင်တဲ့ ခရီးဆုံးကို
မရောက် ရောက်အောင် သွားနော်။

မေမေ

သမီး …

လူတွေကို ကြီးပွား ချမ်းသာအောင်
လုပ် မပေးနိုင်ပေမယ့်
သူတို့ စိတ်ချမ်းသာ အောင်တော့
ဖေဖေတို့ လုပ်ပေးနိုင်ပါတယ်။
ဘယ်လို လုပ်ရမလဲ သိလား။
သူတို့နဲ့ တွေ့ရင်
ရွှင်လန်းကြည်သာ ပြုံးပြပါ။
သူတို့ ပြောတာ နားထောင်ပါ။
ရိုးသားစွာ ချီးမွမ်း ပြောဆိုပါ။
စေတနာနှင့် တိုက်တွန်း အားပေးပါ။
ကူညီနိုင်တာကို ကူညီလိုက်ပါ။
ဒါဆို ဖေဖေတို့နဲ့
တွေ့တဲ့ သူတိုင်းဟာ
စိတ်ချမ်းသာ သွားမှာ သေချာတယ်။

ဖေဖေ

သမီး ...

The best woman are those of
which one speaks the least.
အကောင်းဆုံး မိန်းမဆိုတာ
စကား အနည်းဆုံး ပြောတတ်တဲ့ သူပါပဲတဲ့။
အကျိုးမရှိတဲ့ စကားတွေ
အများကြီး ပြောနေတဲ့အခါ
ဒီစကားစုလေးကို အမှတ်ရလိုက်နော်။

ဖေဖေ

သမီး …

စဉ်းစားဆင်ခြင်မှု မရှိဘဲ
စိတ်လက်မာန်ပါ ပြောဆိုခြင်းဟာ
ကဆုန်စိုင်းနေတဲ့ မြင်းရိုင်း တစ်ကောင်ပေါ်
တက်စီးမိတဲ့ သူနဲ့ တူသတဲ့။
ရောက်ချင်ရာ ရောက်နေတော့ မှာပေါ့။
ဒါကြောင့် …
စကားပြောတော့မယ် ဆိုရင်
စဉ်းစား ဆင်ခြင်ပြီးမှ ပြောနော်။
ပြောပြီ ဆိုမှတော့
ကိုယ်လိုချင်တာ
ကိုယ်ဖြစ်ချင်တာ ဖြစ်အောင်
လိမ္မာပါးနပ်စွာ ပြောတတ်ရမှာပေါ့။
ဒါမှလည်း …
လေကုန်ရကျိုး နပ်မှာပေါ့ကွယ်။
ကိုယ်ရော သူရော
အကျိုးမရှိတဲ့ စကားတွေကိုတော့
လေကုန်ခံပြီး ပြော မနေပါနဲ့ … သမီးရယ်။

ဖေဖေ

သမီးလေး ...

မြင့်သထက် မြင့်အောင် တက်ပါ။
တက်သွားရင်းနဲ့
ပိုပိုမြင့်တဲ့ နေရာတွေ
ထပ်တွေ့ လာပါလိမ့်မယ်။
ရောက်နေတဲ့ နေရာမှာ
ရပ်တန့် မနေပါနဲ့။
သူများတကာတွေ
ကျော်တက် သွားတာကို
မော့ကြည့် နေရလိမ့်မယ်။
သမီးလေးကို
မော့ကြည့်နေရတဲ့ သူမျိုး
မဖြစ်စေချင်ဘူးကွယ်။
ကျော်တက်သွားတဲ့ လူမျိုးပဲ
ဖေဖေ ... ဖြစ်စေချင်တယ်။

ဖေဖေ

သမီးရယ် ...

အဖေတွေဟာ
သူတို့ရဲ့ ကံကြမ္မာဆိုးတွေကြောင့်
ဘယ်လို အမှားမျိုးတွေကိုပဲ
ကျူးလွန်ခဲ့ ... ကျူးလွန်ခဲ့
သမီးတွေ အပေါ်မှာ ချစ်တဲ့
သူတို့ရဲ့ အချစ်ဟာ
နှလုံးသား တစ်နေရာမှာ
အခိုင်အမာ တည်ရှိနေတယ်ဆိုတာ
ယုံပါ ... သမီးရယ်။
အဖေတွေရဲ့ ရင်ထဲက အချစ်ကို
အချိန် နည်းနည်းပေးပြီး
ရှာဖွေ ကြည့်ပါဦးလား ကွယ်။
သူများ ပြောစကားတွေနဲ့
အာဃာတတွေ ထားပြီး
စိမ်းစိမ်းကားကားနဲ့
အဖေ့ကို မုန်းမသွားနဲ့နော်။

ဖေဖေ

သမီး …

ဂျူးလူမျိုး တို့ရဲ့ စကားပုံ တစ်ခုရှိတယ်။
စာအုပ်နှင့် ရွှေ လွတ်ကျသွားလျှင်
စာအုပ်ကို အရင်ကောက်ပါ။
ပြီးမှ ရွှေကို ကောက်ပါ။
စာအုပ်က ရွှေထက်
တန်ဖိုးရှိလို့ပေါ့။
ဟုတ်တယ် … သမီး
စာအုပ်က ရွှေကို
ပထမဆုံး ဖြစ်စေတယ်။
ပြီးမှ … ရွှေက စာအုပ်ကို
ပြန် ဖြစ်စေတာပါ။
သမီးလေး … သေချာ တွေးလိုက်ရင်တော့
ဖေဖေ ပြောတာ သဘောပေါက်မယ် ထင်ရဲ့။
တွေးကြည့် လိုက်စမ်းပါ။
သမီးလေးကို ဖေဖေက
အများကြီးကို တွေးစေချင်တာ။

ဖေဖေ

**သမီး ...**

ကျားထိုးတာ မြင်ဖူးလား။
ကျားကွက် ရွှေ့တာကို
သမီး သတိထား ကြည့်စမ်း။
ကစားတဲ့ သူတိုင်း
ကင်းရအောင် ကြိုးစားကြတယ်။
**ကင်းရဖို့ အတွက်ဆိုရင်**
**နှစ်ကောင်ကျွေး သုံးကောင်ကျွေးနဲ့**
**အရဲစွန့် ကျွေးကြတယ်။**
**ပြီးတော့ နောက်ပြန် မရွှေ့ရဘူး။**
**ကင်းရဖို့အတွက် အမြဲ ရှေ့တက်တယ်။**
**ကင်းမရခင် စပ်ကြားမှာ**
**ဘယ်တော့မှ နှစ်ကွက် မတက်ဘူး။**
**တစ်ကွက်စီပဲ မှန်မှန်တက်သွားတယ်။**
အဲ ... ကင်းရပြီ ဆိုရင်တော့
စားချင်ရာစား သွားချင်တာသွား
ထင်တိုင်းကြဲ ခွင့်ရသွားပြီပေါ့။
ဒါပေမယ့် ...
သတိမရှိဘဲ
ရန်သူ ထောင်ချောက်ထဲ ဝင်မိရင်တော့
ကင်းပြုတ်ပြီး ဒုက္ခရောက်ပြန်ရော။
သမီးကို ... ကင်းရတဲ့ အောင်နိုင်သူပဲ
ဖြစ်စေချင်တယ်ကွယ်။

**ဖေဖေ**

သမီး ...

ဘုရား အဆူဆူကို ရောက်တိုင်း
ဖေဖေ တစ်ခုတည်းသော ဆုကိုပဲ
အမြဲ တောင်းလေ့ရှိတယ်။
အဲဒါ ... ဘာလဲ သိလား။
**"စိတ်အလို ဆန္ဒရှိတိုင်း**
**လှူဒါန်း ပေးကမ်းနိုင်သူ ဖြစ်ပြီး**
**သူတစ်ပါး၏ ဆင်းရဲသောကကို**
**ကူညီ ကယ်တင်နိုင်စွမ်း ရှိသူ**
**ဖြစ်ရပါလို၏ ဘုရား ... တဲ့"**
ကိုယ် ကြီးပွား ချမ်းသာဖို့ထက်
သူတစ်ပါးကို ကူညီ ကယ်တင်လိုတဲ့
ဆုတောင်းမျိုးကိုသာ
သမီးလေးကို
ဆုတောင်း စေချင်ပါတယ်ကွယ်။

**ဖေဖေ**

သမီးရယ် ...

နာရီပျက်ရင်
နာရီပြင် ဆရာဆီ သွားပြပြီး
လိုအပ်တာ ပြင်ဆင်လိုက်ရင်
ပြန်ကောင်း သွားတာပဲ မဟုတ်လား။
နှစ်ကာလ ကြာမြင့်စွာ
အိုဟောင်းနေတဲ့ နာရီမျိုးသာ
ပြင်ရ ခက်တာပါ။
ရုပ်ခန္ဓာဆိုတာ အဲ့ဒီ နာရီလိုပဲပေါ့။
ပြင်တတ်တဲ့ သူ့ဆီ သွားပြင်လိုက်ရင်
ကောင်းသွားတာပဲ မဟုတ်လား။
ရောဂါလေး တစ်ခု ဖြစ်တာနဲ့
ဘာဖြစ်လို့ စိတ်ဓာတ်ကျ
ညည်းညူနေရမှာလဲ သမီးရယ်။
သမီးက ပြင်ဖို့ ခက်ခဲတဲ့
နာရီ အဟောင်းကြီးမှ မဟုတ်သေးတာ။

ဖေဖေ

## သမီးလေးဖတ်ဖို့

သမီး ...

၄ + ၂ = ၆
၃ + ၃ = ၆
၇ − ၁ = ၆
၃ × ၂ = ၆
၁၂ ÷ ၂ = ၆
အဖြေ (၆) ရစေတဲ့
တွက်နည်းတွေ ပုစ္ဆာတွေ
အမျိုးမျိုး ရှိတာ
သမီး တွေ့မှာပါ။
ဆက်ပြီး စဉ်းစားရင်
ဒီထက်ပို များလာလိမ့် ဦးမယ်။
**ဒီတော့ အဖြေတစ်ခုအတွက်**
**ပုစ္ဆာတွေ တွက်နည်းတွေ**
**အမျိုးမျိုး ရှိနိုင်တာ**
**သမီး မမေ့နဲ့နော်။**
**ကိုယ့်တွက်နည်း တစ်ခုသာ**
**အဖြေမှန် ရစေတယ်လို့**
**ဘယ်တော့မှ တယူသန်**
**စွတ် မငြင်းမိစေနဲ့**
**မိတ်ပျက်တတ်တယ်။**

**ဖေဖေ**

•

သမီး ...

ပြင်းပြတဲ့ စိတ်ဆန္ဒဆိုတဲ့
နိုင်ငံကူး လက်မှတ် (Pass Port)
နဲ့ လုံ့လဆိုတဲ့ ဗီဇာ (Visa)
သတ္တိဆိုတဲ့ လေယာဉ်လက်မှတ်
အဲ့ဒီ သုံးခု မပါရှိခဲ့ရင်တော့
အောင်မြင်ခြင်း ဆိုတဲ့ နိုင်ငံကို
ဝင်ခွင့် ရမှာ မဟုတ်ဘူး။
အောင်မြင်ခြင်း နိုင်ငံကို သွားချင်ရင်တော့
အဲ့ဒီ သုံးခုကို လက်ဝယ်ပိုင်ပိုင်
ကိုင်ထားနိုင်ဖို့ လိုတယ်နော်။

ဖေဖေ

**သမီး ...**

The lazy girl drinks dirty water.
ပျင်းရိတဲ့ မိန်းကလေးဟာ
မသန့်ရှင်းတဲ့ ရေကိုတောင် သောက်တယ်တဲ့။
ရေထည့်ရမှာ ပျင်းလွန်းလို့
တွေ့ကရာ ရေတွေကို
သောက်တာပဲ ဖြစ်မှာပေါ့။
**မိန်းကလေး တစ်ယောက်ဟာ**
**ညစ်ပတ်တဲ့ ရေတွေကို**
**သောက်နေတဲ့ အထိတော့**
**မပျင်းသင့် ဘူးပေါ့ ... နော်။**
သမီးလေးက ...
အဲ့ဒီလို မပျင်းဘူးဆိုတာ
ဖေဖေ အသေအချာ သိပေါ့။

**သမီး ...**

ဖျက်ဆီးရတာ လွယ်သလောက်
တည်ဆောက်ရတာ ခက်တယ်။
အပြစ်တင်ရတာ လွယ်သလောက်
ချီးမွမ်းတတ်ဖို့ ခက်တယ်။
နာကြည်းမုန်းတီးဖို့ လွယ်သလောက်
သည်းခံ ခွင့်လွှတ်ဖို့ ခက်တယ်။
သူခကို ခံစားဖို့ လွယ်သလောက်
ဒုက္ခကို ခံနိုင်ဖို့ ခက်တယ်။
အကြံပေးဖို့ လွယ်သလောက်
လိုက်နာ ဆောင်ရွက်ဖို့ ခက်တယ်။
လိမ်ညာဖို့ လွယ်သလောက်
ရိုးဖြောင့်ဖို့ ခက်တယ်။
ရယူဖို့ လွယ်သလောက်
ပေးဆပ်ဖို့ ခက်တယ်။
မိုက်မဲဖို့ လွယ်သလောက်။
လိမ္မာဖို့ ခက်တယ်။
**လွယ်တာနဲ့ ခက်တာ**
**သမီး ... ဘာကို ရွေးမလဲကွယ်။**
**ဖေဖေ့ သမီး ပီသရင်တော့**
**ခက်တာကိုပဲ ရွေးမယ်ဆိုတာ။**
**ဖေဖေ ကြိုသိနေလေရဲ့။**

**ဖေဖေ**

**သမီး ...**

၂၀ ရာစုဟာ မကြာခင်မှာဘဲ
ကုန်ဆုံး သွားတော့မယ်။
၂၁ ရာစုရဲ့ အင်တာနက်ခေတ်ထဲ
သမီးတို့ ရောက်လုဆဲဆဲဖြစ်ပေါ့။
လူငယ်တိုင်း လိုလို
ကွန်ပျူတာ ကိုယ်စီသုံးလို့
တစ်ကမ္ဘာလုံးရဲ့ သတင်းတွေကို
လေ့လာသုံးသပ် အသုံးချတတ်ရော့မယ်။
တရုတ်၊ ဂျပန်၊ ပြင်သစ်၊ အင်္ဂလိပ်
ဂျာမန် စတဲ့ ဘာသာစကားတွေကိုလည်း
လူငယ်တွေ ရေရေလည်လည်
ပြောဆို ရေးဖတ် အသုံးချတတ်ကြလိမ့်မယ်။
လူငယ်တွေဟာ သူထက်ငါဦး
အပြိုင်အဆိုင် ကြိုးစားကြရလိမ့်မယ်။
**၂၁ ရာစုရဲ့ သမီးပျိုလေးဖြစ်တဲ့**
**သမီးလေး အနေနဲ့**
**ခေတ်နောက်မှာ မကျန်ရစ်စေနဲ့နော်။**
**အနည်းဆုံးတော့ အင်္ဂလိပ်စာ တတ်ပြီး**
**ကွန်ပျူတာကို အသုံးချတတ်အောင်**
**အခု ကတည်းက**
**ကြိုတင် ပြင်ဆင်ထားသင့်တယ်။**

**သမီးရယ် ...**

သူများ လက်ထဲရောက်နေတဲ့ ပစ္စည်းဆိုရင်
ဘယ်လောက်ပဲ အဖိုးတန်ပါစေ
လိုချင်တပ်မက် စိတ်မဖြစ်နဲ့နော်။
သူများသုံးပြီးသား အဟောင်းကြီးကို
အကောင်းထင်ပြီး လိုချင်တဲ့ သူဟာ
ဈေးပေါပေါ ပစ္စည်းတွေ သုံးတတ်တဲ့
ခပ်ညံ့ညံ့ ကောင်မလေးမျိုး ဖြစ်သွားလိမ့်မယ်။
**အဲ့ဒီ ပစ္စည်းဟောင်းကို**
**ပိုင်ရှင်ရှိပြီးသားမှန်း သိရက်နဲ့**
**ပိုင်ရှင်လက်က အတင်းလုယူဖို့**
**ကြိုးပမ်း အားထုတ်နေတဲ့သူ ဆိုရင်တော့**
**'တစ်လုံးချိုင့်' ဖြစ်သွားလိမ့်မယ်။**
**တစ်လုံးချိုင့် ဆိုတာ သိလား ... သမီး**
**အဆင့်မရှိတာကို ပြောတာ ...**
တစ်လုံးချိုင့်တော့
ဘယ်တော့မှ မဖြစ်ပါစေနဲ့ လို့
ကြိုတင် သတိပေး ထားလိုက်ပါရစေ။

မေမေ

**သမီး ...**

ဘယ်နေရာကိုပဲ သွားသွား
လမ်းဆုံးရောက်အောင် သွား
လမ်းတစ်ဝက်က
လှည့် ပြန်တတ်တဲ့ သူမျိုး
ဘယ်တော့မှ မဖြစ်စေနဲ့။
ဘာ အလုပ်ကိုပဲ လုပ်လုပ်
ပြီးဆုံး သွားအောင် လုပ်။
တစ်ဝက် တစ်ပျက်နဲ့
ချန်ထားရစ် တာမျိုး
ဘယ်တော့မှ မဖြစ်စေနဲ့။
**ကောင်းကောင်း ဆိုးဆိုး**
**ကိုယ့် ဆုံးဖြတ်ချက်ကို**
**မဖြစ် ဖြစ်အောင်**
**စွမ်းဆောင် နိုင်တဲ့သူမျိုးကိုပဲ**
**ဖေဖေ သဘောကျတာယ်။**

**ဖေဖေ**

သမီး ...

လူ့ဘ၀ဆိုတာ လူတွေနဲ့
ပေါင်းသင်းဆက်ဆံနေရတဲ့ ဘ၀ကို ပြောတာ။
မိုးလင်းလို့ အိပ်ယာထတာနဲ့
မိသားစုနဲ့ ပြောဆို ဆက်ဆံရပြီ၊
ကျောင်းသွားမယ် ဆိုရင်
ကျောင်း ပတ်ဝန်းကျင်နဲ့ ဆက်ဆံရပြီ၊
အလုပ် သွားမယ်ဆိုရင်
အလုပ်ခွင်က လူတွေနဲ့ ဆက်ဆံရပြီ၊
အိမ်မှာ နေတော့လည်း
အိမ်ပတ်ဝန်းကျင်နဲ့ ဆက်ဆံရပြီ၊
**အဲဒီလို လူတွေနဲ့**
**ဆက်ဆံပေါင်းသင်း ပြောဆိုတဲ့အခါ**
**အဆင်ပြေပြေ ဘယ်လိုနေထိုင်**
**ပြောဆိုရမလဲ ဆိုတာ**
**သမီး အသေအချာ သိသင့်တယ်။**
**ကိုယ် မသိရင်လည်း**
**သိနိုင်တဲ့ သူတွေကို**
**မေးမြန်း စုံစမ်းကြည့်။**
**စာအုပ်တွေထဲမှာလည်း ရှာဖွေဖတ်ကြည့်**
**အဲ့ဒါသိမှ**
**သမီးဘ၀ ဟန်ကျမှာကွဲ့။**

**မေမေ**

သမီး ...

•

လူတွေကို မုန်းတီးခြင်းဟာ
ကြွက်တစ်ကောင်ကို ဖယ်ရှားလိုတဲ့အတွက်
ကိုယ့်အိမ်ကို ကိုယ် မီးရှို့တာနဲ့ တူသတဲ့။
ဒါကြောင့် ... လူတွေကို မမုန်းနဲ့နော်။
ဟို လူမုန်း ဒီ လူမုန်းနဲ့
နာကြည်း မုန်းတီးခဲ့တာတွေ ရှိခဲ့ရင်
ဖြေဖျောက် ပစ်လိုက်ပါတော့။
နှလုံးသားထဲမှာ အမုန်းတရားတွေ
သိမ်းဆည်း မထားပါနဲ့။
ကိုယ်ပဲ ပူလောင်နေမှာပေါ့။
သမီးလေးကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့
ရှင်လန်း နေတာပဲ မြင်ချင်တယ်ကွယ်။

မေမေ

သမီးရယ် ...

မြတ်စွာဘုရားကို
ကြည်ညိုသဒ္ဓါ စိတ်နဲ့သာ
ကိုးကွယ် ပူဇော်ပါ။
ဘာဆု ညာဆုတွေ အများကြီးတောင်းပြီး
အညှောင်းအောင် မပူဆာပါနဲ့ကွယ်။
"ကိုယ့်ကို ကိုယ်သာ ကိုးကွယ်ရာ ... လို့"
ဗုဒ္ဓမြတ်စွာ ဘုရားကိုယ်တိုင်
ဟောကြားခဲ့ပြီးသားပဲ မဟုတ်လား။
ပူဇော်နဲ့ ပူဆာကို
သမီးလေး ခွဲခြား နားလည်နိုင်ပါစေ။
ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော
ဗုဒ္ဓမြတ်စွာ ဘုရားကိုလည်း
ကြည်ညိုလေးစား အားထားကိုးကွယ်ပြီး
စစ်စစ်မှန်မှန် ပူဇော်တတ်ပါစေလို့
ဖေဖေ ဆုတောင်းပေးပါတယ်။

ဖေဖေ

သမီးလေး ...

စုန်ရေသာ ရှိတယ်
ဆန်ရေ ဆိုတာ မရှိဘူးတဲ့။
မိဘတွေက သားသမီးတွေကို
ကျွေးမွေး ပြုစု စောင့်ရှောက်နိုင်ပေမယ့်
သားသမီးတွေက မိဘတွေကို
တာဝန်ကျေကျေ မငြိုမငြင်
ပြန်ကျွေးမွေး ပြုစုနိုင်သူ ရှားသတဲ့။
အဲ့ဒီလိုမျိုး ကြုံတဲ့အခါ
တစ်ချို့မိဘတွေက အရမ်းကို
စိတ်ဆင်းရဲ သောကရောက်ကြသတဲ့။
ဖေဖေတော့ အဲ့ဒီလို မဖြစ်ဘူး စိတ်ချ။
ဘာကြောင့်လဲဆိုတော့
အောက်ကနေ အထက်ကို
ပြန် ဆန်တက်လာတဲ့ ဆန်ရေ ဆိုတာ
ဖေဖေမှ မတွေ့ဘူးတာကို။
တွေ့ဖူးသွားအောင် သမီးလေးက
ဆန်ရေဖြစ်အောင် လုပ်ပြနိုင်သလား။
စဉ်းစားပြီးမှ ဖြေနော် ...။

ဖေဖေ

**သမီး ...**

ဘောလုံးပြိုင်ပွဲတွေကို
တီဗီထဲမှာ သမီးတွေ့ဖူးပါတယ်။
ဂိုးသွင်းလိုက်ပြီဆိုတာနဲ့
အဲဒီ အသင်းဟာ ပျော်လွန်းလို့
ခုန်ပေါက် ပွေ့ဖက်နေလိုက်ကြတာ။
ပွဲပြီးလို့ နိုင်ပြီဆိုတာနဲ့
ကွင်းပတ်ပြီး ကျွမ်းထိုးဟစ်အော်
အပျော်ကြီး ပျော်ကြတယ်လေ။
အနိုင်ရလို့ စိတ်တက်ကြွ နေကြတာပေါ့။
ရှုံးတဲ့အသင်းကတော့
စိတ်ပျက်လက်ပျက် ထိုင်သူထိုင်
ငိုင်သူ ငိုင်၊ ငိုသူ ငိုနဲ့
အရှုံးဒဏ်ကို ခံစားကြရတယ်။
နိုင်သူ ရှုံးသူ နှစ်ဦးစလုံး
နိုင်ခြင်း ရှုံးခြင်းဒဏ်ကို
တုန်လှုပ်စွာ ခံစားကြရတာ
ဖေဖေ အသေအချာ မြင်ဖူးတယ်။
**လောကခံနဲ့ ဘောကန်နေကြတဲ့**
**ဖေဖေတို့ လူသားတွေဟာ**
**အဲဒီ အနိုင်အရှုံးတွေကြောင့်**
**တုန်လှုပ်သွားသင့် သလား။**
**ဖေဖေ့ကို ကူပြီး စဉ်းစားပေးပါဦးကွယ်။**

**ဖေဖေ**

သမီးရယ် ...

လောကမှာ အစစ အရာရာ
ပြည့်စုံနေတဲ့ လူ
ဘယ်သူ ရှိလို့လဲကွယ်။
တစ်ယောက် တစ်မျိုးစီ
လိုနေကြတဲ့ သူတွေ ချည်းပဲ။
**ကိုယ် တစ်ယောက်သာ**
**အရာရာ ချို့တဲ့တယ် ဆိုပြီး**
**ငိုညည်း မနေနဲ့နော်။**
**ချို့တဲ့မှ ထပ်ထည့်လို့ ရတယ်။**
**ပြည့်စုံရင် ကုန်ဖို့ပဲ ရှိတယ်ဆိုတာ**
**သမီး သဘောပေါက်ပါကွယ်။**

**ဖေဖေ**

**သမီးလေး ...**

**လူ့ဘဝဆိုတာ**
**ပြဇာတ်တိုလေးတွေ**
**တစ်ပုဒ်ပြီး တစ်ပုဒ်**
**ကပြနေကြရတာနဲ့ တူတယ်။**
ပြဇာတ် အသစ်တစ်ပုဒ်
ပြောင်းသွားတာနဲ့ တစ်ပြိုင်နက်
အဲ့ဒီထဲမှာ ပါဝင်တဲ့
ဇာတ်ရုပ်တွေလည်း
အသစ် အသစ်ပြောင်းသွားကြတယ်။
ဒီပြဇာတ်မှာ ဒီလူတွေနဲ့ ကပြီး
နောက် ပြဇာတ်ကြတော့
နောက်လူတွေနဲ့ ပြောင်း ကပြရပြန်ရော။
ပြဇာတ်အသစ် ပြောင်းတိုင်း ပြောင်းတိုင်း
ပြဇာတ်အဟောင်းက လူတွေနဲ့
ကွဲကွာ ရတာလည်း ရှိ
ပြန်ဆုံတွေ့ရတာလည်း ရှိတာပေါ့။
အဲဒီ သဘာဝကို သိရင်
ကွဲကွာရလည်း ဝမ်းမနည်းနဲ့
ပြန်ဆုံတွေ့လည်း ဝမ်းမသာနဲ့နော်
ဘာပြုလို့လည်း ဆိုတော့
နောက်ထပ် ပြဇာတ် အသစ်တွေ
ဆက် ကဖို့ ရှိသေးတယ် မဟုတ်လား။

**ဖေဖေ**

**သမီး ...**

**လူတစ်ယောက်ဟာ**
**သီချင်း တစ်ပုဒ်တော့**
**ဟန်ကျ ပန်ကျ ဆိုပြတတ်ရမယ်။**
**အရေးကြုံရင် အသုံးချနိုင်အောင်လို့ပေါ့။**
အဲ့ဒါနဲ့ ဖေဖေလည်း
သီချင်းတစ်ပုဒ်ကို
ဟန်ကျ ပန်ကျ ဆိုတတ်အောင်
လေ့ကျင့်သီဆို မိခဲ့ပေါ့။
ဘာ သီချင်းလဲ သိလား။
**ခေါင်းလောင်းလေးတွေ မြည်နေပြီ ... တဲ့။**
မရယ်နဲ့နော် ... ဖေဖေ ဆိုပြမယ်။
ခေါင်းလောင်းလေးတွေ မြည်နေပြီ
ငှက်ကလေးတွေလည်း တေးဆိုသည်
...........................................
...........................................
**အခုတော့ သိပြီ**
**သမီးကို ဖေ ... ချစ်သည်။**
သီချင်း ဆိုနေရင်းတောင်
သမီးကို သတိရပြီး
စာသား ပြောင်းဆို မိခဲ့ပေါ့။
အဲ့ဒီ သီချင်းလေးကြားရင်
ဖေဖေ့ကို သတိရနော်။

**ဖေဖေ**

**သမီး ...**

ပြောပြရဦးမယ်။
ဖေဖေ့ဆီကို စာတစ်စောင် ရောက်တယ်။
စာထဲမှာ ရေးထားတာက
သူ့အဖေက နောက် မိန်းမယူသွားလို့
အဖေ့ကို မုန်းနေတာတဲ့။
အမေနဲ့အတူ ဒုက္ခဆင်းရဲတွေ ခံရတော့
အဖေ့ကို တွေးမိတိုင်း မုန်းသတဲ့။
ဒီလို ဖြစ်နေတာတွေ
အဖေ့ကြောင့်လို့ သူထင်ခဲ့သတဲ့။
အခု ... သမီးလေးဖတ်ဖို့ စာအုပ်
ဖတ်လိုက်ရတဲ့အခါ ကျတော့မှ
အဖေ့ကို နားလည် ခွင့်လွှတ်ပြီး
မမုန်းတော့ဘူးတဲ့။
သူ့စိတ်ထဲမှာလည်း အေးချမ်းသွားပြီး
အဖေ့ကို လွမ်းမိသတဲ့။
ဖေဖေ့ကိုလည်း ကျေးဇူးတင်သတဲ့လေ။
**သမီးနဲ့ ဖေဖေတို့နှစ်ယောက်ကြားက**
**မေတ္တာတရားကို**
**သူ နားလည်သွားလို့ပဲ ဖြစ်ရမယ်။**
**မေတ္တာတရားရဲ့ အစွမ်းက**
**ထက် တယ်နော် ... မယုံမရှိနဲ့။**

**ဖေဖေ**

**သမီး ...**

ဖေဖေ့ဆီကို စာတွေ လာတယ်။
သမီးလေးဖတ်ဖို့ စာအုပ်ဖတ်ပြီး
ဖေဖေ့လို အဖေမျိုး လိုချင်လို့တဲ့။
တစ်ချို့လည်း အဖေမရှိ
တစ်ချို့လည်း အဖေနဲ့ ကွဲတဲ့
သမီးလေးတွေပေါ့။
သူတို့လည်း သမီးလိုပဲ
ချစ်ခင်ကြင်နာတဲ့ အဖေမျိုး
လိုချင် မှာပေါ့နော်။
သူတို့ရဲ့ ဆန္ဒတွေကို ဖေဖေ့မေတ္တာနဲ့
ဖြည့်ဆည်း ပေးလိုက်ပါတယ်။
သူတို့ကို သမီးလေးတွေလို
သဘောထားပြီး သတ်မှတ်ပြီး
ဖေဖေ မေတ္တာတွေကို
စာနဲ့ ရေးပြီး ပြန်ပေးခဲ့ပါတယ်။
အခုဆို ဖေဖေ့မှာ မွေးစားသမီးတွေ
နေရာအနှံ့ တော်တော် များနေပြီ။
**လူ့လောက ငြိမ်းချမ်းသာယာအောင်**
**စွမ်းဆောင်နိုင်မယ့်**
**သမီးကောင်း သမီးမြတ်တွေကို**
**ဖေဖေ မသေခင်မှာ**
**အများကြီး ပြုစုပျိုးထောင် ပေးသွားချင်တယ်။**

**ဖေဖေ**

**သမီး ...**

မြဝတီ ရုပ်မြင်သံကြားက
တရုတ်ကားတွေကို
သမီး ကြည့်ဖူးတယ် မဟုတ်လား။
တရုတ်ကားတွေရဲ့
ဇာတ်သိမ်းခန်းကို
သမီး သတိထားကြည့်။
နောက်ဆုံးမှာ
မကောင်းတဲ့ သူတွေဟာ
မကောင်းမှုနဲ့ ဇာတ်သိမ်းသွားပြီး
ကောင်းတဲ့သူတွေပဲ ကျန်ခဲ့တယ်။
ဇာတ်လိုက်တွေ ဆိုရင်လည်း
မေတ္တာနဲ့ ခွင့်လွှတ်ခြင်း
စွန့်လွှတ် အနစ်နာခံခြင်းနဲ့ပဲ
ဇာတ်သိမ်းလေ့ ရှိကြတယ်။
တကယ့် လူ့ဘဝမှာလည်း
ဒီလိုပဲ ဇာတ်သိမ်းသင့်တာပဲ မဟုတ်လား။
**ကလဲ့စား ချေမှု**
**နာကြည်း မုန်းတီးမှုတွေနဲ့**
**ဇာတ် မသိမ်းသင့် ပါဘူးကွယ်။**

**သမီး ...**

လူတွေဟာ
လောဘ ဒေါသ မောဟ မာန
တရားတွေ ရှိသလို
မေတ္တာ၊ သစ္စာ၊ စေတနာ အကြင်နာ
တရားတွေလည်း ရှိပြန်တယ်။
**လောဘ ဒေါသ မောဟ မာန**
**တရားတွေ နည်းပါးပြီး**
**မေတ္တာ သစ္စာ စေတနာ အကြင်နာ**
**တရားတွေ ပွားများကြမယ် ဆိုရင်**
**ဘယ်လောက် ကောင်းလိုက် မလဲနော်။**
**အဲ့ဒီ အခါမှာ ကမ္ဘာကြီးဟာ**
**ငြိမ်းချမ်း သာယာနေမှာပဲ။**
ငြိမ်းချမ်းတဲ့ ကမ္ဘာကြီးဖြစ်အောင်
ဖေဖေတို့လည်း ပါဝင် တည်ဆောက်ကြရအောင်။
ဒီနေ့က စပြီး ဖေဖေတို့
လောဘ ဒေါသ မောဟ မာန
တရားတွေ နည်းအောင် ကြိုးစားမယ်။
မေတ္တာ၊ သစ္စာ၊ စေတနာ၊ အကြင်နာတွေ
ပွားများနိုင်အောင် လေ့ကျင့်မယ်။
မကောင်းဘူးလား ... သမီး။

**ဖေဖေ**

သမီး ...

Time cures more than the doctor.
အချိန်သည် ဆရာဝန်ထက် ပိုပြီး
ကုစား ပေးနိုင်သတဲ့။
**အထူးသဖြင့်**
အချိန်ဆိုတဲ့ သမားတော်ကြီးဟာ
**နှလုံးသားမှာ ခံစားနေရတဲ့**
**ဘယ်လို ဝေဒနာမျိုးကို မဆို**
**ပျောက်ကင်းအောင် ကုသနိုင်သတဲ့။**
မတော်တဆများ
သမီးလေးရဲ့ နှလုံးသားမှာ
ဒဏ်ရာ အနာတရ ဖြစ်ခဲ့ရင်
အချိန်ဆိုတဲ့ သမားတော်ကြီးနဲ့
တိုင်ပင် ကုသဖို့ မမေ့နဲ့နော်။

ဖေဖေ

သမီး ...

ထီးမပါဘဲ မိုးရွာထဲသွားရင်
မိုးစိုမှာပေါ့နော်။
ဆူးပေါတဲ့ လမ်းပေါ်ကို
ဖိနပ် မစီးဘဲ သွားရင်
ဆူးရှူးမှာ ပေါ့နော်။
စာကို ပိုင်အောင် မကျက်ဘဲ
စာမေးပွဲ သွားဖြေရင်
စာမေးပွဲ ကျမှာပေါ့နော်။
အဲ့ဒါတွေကို သေချာသိရက်နဲ့
မေဒင်ဆရာတွေဆီမှာ
ခွာတ်ရိုက် ခွာတ်ဆင်လုပ်ပြီး
ယတြာ ချေနေဦးမှာ လားကွယ်။

မေမေ

ဖေဖေ မေးချင်စိတ်ပေါက်လို့
မေးခွန်းတွေ ပေးချင်တယ်။
သမီး ဘာသာ စဉ်းစားပြီး ဖြေကြည့်စမ်း။

- လောကမှာ ကိုယ် အချစ်ဆုံးလူ ဘယ်သူလဲ။
- ကိုယ့်အတွက် အလိုအပ်ဆုံးအရာဟာ ဘာလဲ။
- ဘဝမှာ အဖြစ်ချင်ဆုံး ဆန္ဒဟာ ဘာလဲ။
- သူငယ်ချင်းဆိုတာ ဘယ်လိုမျိုးလဲ။
- အချစ်ဆိုတာ ရင်ခုန်တာ သက်သက်လား။
- ဘဝ အဖော်မွန်ဆိုတာ ဘာလဲ။
- ဘာကြောင့် စာအုပ်တွေ ဖတ်နေရသလဲ။
- အပျော်ခရီး ထွက်သင့်သလား။
- အမြဲတမ်း ခြိုးခြံ ချွေတာနေရတာ မှန်သလား။
- **ငွေရမယ်ဆိုရင် ဘာမဆို လုပ်မလား။**
- **ဘာပဲလုပ်လုပ် လူမသိရင် ပြီးရော စိတ်မျိုး ရှိသလား။**
- **ကိုယ့် အကျိုးအတွက် သူတစ်ပါး နစ်နာအောင် လုပ်မလား။**

ဖေဖေ့ရဲ့ မေးခွန်းတွေကို ရဲရဲဝံ့ဝံ့ ဖြေပြီးရင်
တစ်စုံတစ်ခုကို သမီး သိလာပါလိမ့်မယ်။

**ဖေဖေ**

**သမီး ...**

စိတ်ထားမြင့်မှ ဘဝမြင့်တယ်။
စိတ်ထား နိမ့်ကျရင်-
ဘဝလည်း နိမ့်ကျ သွားတာပဲ။
**စိတ်ထား မြင့်တယ်ဆိုတာ**
**လူလူချင်း စာနာစိတ်ရှိတာ**
**သူတစ်ပါးကို အားပေးကူညီတာ**
**ကိုယ့်ကြောင့် သူတစ်ပါးကို မထိခိုက်စေတာဟာ**
**စိတ်ထား မြင့်တာပဲ။**
သူတစ်ပါးကို ဒုက္ခရောက်အောင် လုပ်တာ
ကိုယ်ချင်းစာနာစိတ် မထားတာ
ကူညီ ရိုင်းပင်းချင်စိတ် မရှိတာတွေဟာ
စိတ်ထား နိမ့်တာပဲ။
ဒါကြောင့် ... ကိုယ့်ဘဝ မြင့်ချင်ရင်
စိတ်ထား မြင့်မြင့်ထားပါ။

**မေမေ**

သမီး ...

မချမ်းသာချင် နေပါ။
ကျန်းမာ နေပါစေကွယ်။
မတော်ချင်နေပါ
ပျော်ရွှင် နေပါစေကွယ်။
သုံးစား မရလို့
လုံးပါး ပါးရတာမျိုး မဖြစ်ပါစေနဲ့။
လောဘ၊ ဒေါသ၊ မောဟ မီးတွေနဲ့
အတ္တကြီးတဲ့ သူမျိုး မဖြစ်ပါစေနဲ့။
အများ အကျိုးဆောင်တဲ့
အောင်မြင်သူ ဖြစ်ပါစေ။
သူတကာ အားကိုးတဲ့
တန်ဖိုးရှိတဲ့သူ ဖြစ်ပါစေ။

ဖေဖေ

**သမီးရယ် ...**

**လူတစ်ယောက် အသက်ဟာ**
**ဖန်ခွက်ကလေး တစ်လုံးလို**
**ခွမ်းကနဲ ကျကွဲသွားနိုင်တယ်။**
မမြဲတဲ့ သင်္ခါရတရားကို
သမီးလေး နားလည်ပါကွယ်။
လူ့ဘဝ ခဏတာ နေရတဲ့ အခိုက်မှာ
ဘဝရဲ့ အဓိပ္ပာယ်ကို တွေ့အောင် ရှာပါ။
တန်ဖိုးရှိတဲ့ ဘဝမျိုးနဲ့
အကျိုးရှိအောင် နေသွားပါ။
သေခြင်းတရားနဲ့ ကြုံတဲ့အခါ
တည်ငြိမ်စွာ ရင်ဆိုင်ပြီး
ကုသိုလ်တွေ တစ်ပွေ့တစ်ပိုက်နဲ့
အိမ်အပြန် လှပါစေကွယ်။

ဖေဖေ

**သမီးလေး ...**

ဖေဖေ ဉာဏ်မှီသမျှ
ပြောပြခဲ့ တာတွေဟာ
သမီးလေး ဘဝအတွက်
အသုံးဝင် တန်ဖိုးရှိတဲ့
ဘဝ လမ်းညွှန် စာတစ်အုပ်အဖြစ်
တင်ကျန်ရစ်ခဲ့ စေချင်ပါတယ်။
**စိတ်ပျက် အားငယ်နေတဲ့ အချိန်မှာ**
**ဒီစာအုပ်ကို ဖတ်ပြီး**
**စိတ်ဓာတ်မြှင့်တင်ပါ။**
**ကိုယ်လိုချင်တာ မရ**
**ကိုယ်ဖြစ်ချင်တာ မဖြစ်ရတဲ့အခါ**
**ဒီစာအုပ်လေးကို ဖတ်ပြီး**
**ကိုယ့်ဘဝကိုယ် ဖြေသိမ့်ပါ။**
ကိုယ့်ဘဝကိုယ် ထိန်းကျောင်းနိုင်ပြီး
လူတကာရဲ့ ချစ်ခင်အားကိုး
တန်ဖိုးထား လေးစားခံရတဲ့
သမီးကောင်း သမီးမြတ်ဖြစ်ပါစေလို့
ဖေဖေ အမြဲဆုတောင်းနေမယ်နော်။
သမီးလေးဘဝ တိုးတက်အောင်မြင်
ပျော်ရွှင် ငြိမ်းချမ်းပါစေကွယ်။

**ဖေဖေ**

# စာဖတ်သူသို့

- ဤစာအုပ်ကို
  ကျနုသေချာ
  ဖတ်ပြီးသောအခါ ...
- ရင်ထဲတွင် ပြောချင်စရာများ
  ရှိလာငြားအံ့။
- တယ်လီဖုန်းဖြင့် ဖြစ်စေ
  စာဖြင့် ဖြစ်စေ။
- ပြောဆို ဆွေးနွေး
  ရေးသား ဝေဖန်
  အကြံပြုကြစေချင်ပါသည်။
- စာဖတ်သူ၏ အမြင်ကို
  ကြား သိချင်လှပါ၏။

**ကျော်သန့်**

အမှတ် ၂၈၀၊ ပ-ထပ်၊
ဆိပ်ကမ်းသာလမ်း(ထက်)
ရန်ကုန်။ ဖုန်း - ၂၈၄၃၃၀

သူငယ်ချင်းဆိုတာ
အန္တာ ခံရတယ်။
သံယောဇဉ် ကြီးရတယ်။
ယုံကြည်လေးစား တန်ဖိုးထားရတယ်။
သူ့အကျိုး လိုလားပြီး
ကာကွယ်စောင့်ရှောက်ရတယ်။
ဘယ်တော့မှ ဒုက္ခမပေးရဘူး။
အဲ့ဒီလိုမှ မဟုတ်ရင်တော့ ...

ကျောင်းသန့်

# သူငယ်ချင်း

မကြာမီ မျှော်

တစ်ခါတုန်းက
ချစ်တပည့်များသို့
ရင်ထဲက စေတနာကို
မေတ္တာစာအဖြစ်
သီကုံးဖွဲ့နွဲ့
ဆိုဆုံးမခဲ့သော ...

ကျောင်းသန့်

ချစ်တပည့် ... သို့
(အလွမ်းပြေ စာစုများ)

ဆမျာ်

အတွေးလှလှလေးတွေကို
ဖတ်ချင်သူများအတွက်

ကျောင်းသန့်

# အချစ်ဘဝဒဿနများ

မကြာမီ မျှော်

သမီးချစ်သော ဖခင်တိုင်းနှင့်
ဖခင်မေတ္တာကို လိုလားတောင့်တသော
သမီးအလိမ္မာများအတွက်
မွေးနေ့လက်ဆောင်
အမှတ်တရ လက်ဆောင်ဖြစ်ပါစေသတည်း။

ကောင်းသန့်



သမီးလေးဖတ်ဖို့(၃)